## နိဒါန်း

စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် ဆောင်ရွက်ခဲ့ကြသော ဖွံ့ဖြိုးမှုဖြစ်စဉ်များ၌ နိုင်ငံ၏အခြေခံကျောရိုးဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို မြှင့်တင်အားပေး ဆောင်ရွက်မှုသည် သိသာထင်ရှားသော နည်းဗျူဟာဖြစ်ကြောင်းကို တွေ့ရှိရပါသည်။

ဤနည်းဗျူဟာဖြင့် တိုင်းပြည်စီးပွားရေးကို တိုးတက်စေပြီး ပြည်သူလူထု၏ လူနေမှုဘဝကိုအမှန်တကယ်တိုးတက်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာလျက် ဆင်းရဲနွမ်းပါးမှုများကို လျော့နည်းပပျောက်စေခြင်းတို့မှာလည်း မျက်မြင်သာဓကအဖြစ် ဖော်ပြလျက်ရှိပါသည်။ ထို့ကြောင့်မြန်မာနိုင်ငံကိုအာရှနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတကြီး ကိုယ်တိုင်ဦးစီးဦးဆောင်ကာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်းများကို နိုင်ငံနှင့်အဝှန်းအရှိန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၏ မျှော်မှန်းချက်မှာ **"ကဏ္ဍအသီးသီးရှိအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေး ကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်ကောင်းများ မြင့်မားလာပြီး၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာရေးတို့ကို ဦးဆောင်သွားနိုင်ရန်"** ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၏ ရည်မှန်းချက်အတိုင်းယှဉ်ပြိုင်နိုင်စွမ်းနှင့် တီထွင် ဆန်းသစ်မှုမြင့်မားသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာရေးနှင့် International Network အတွင်းဝင်ဆန့်လျက် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရေးတို့အတွက် အောက်ပါကဏ္ဍများကိုကူညီထောက်ပံ့ ပေးရန်ဖြစ်သည်-

(က) လူ့စွမ်းအားအရင်းအမြစ်၊

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှု၊

(ဂ) ငွေကြေးအရင်းအမြစ်၊

(ဃ) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊

(င) ဈေးကွက်ရရှိရေး၊

(စ) သင့်လျော်သောအခွန်အကောက်နှင့် လုပ်ထုံးလုပ်နည်းများ၊

(ဆ) လုပ်သာကိုင်သာရှိသောစီးပွားရေးဝန်းကျင်ကောင်းများ၊





# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များပြမြေပုံ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသည် အရှေ့တောင် အာရှတိုက်တွင် တည်ရှိပြီး လူဦးရေ (၅၂)သန်းရှိပါသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မြို့တော်မှာ နေပြည်တော် ဖြစ်ပါသည်။ ပထဝီ အနေအထားအားဖြင့် ၆၇၆၅၇၈ စတုရန်း ကီလိုမီတာ ဧရိယာ ကျယ်ဝန်းပြီး အရှေ့မြောက်ဘက် တွင် တရုတ်နိုင်ငံ၊ အရှေ့နှင့် အရှေ့တောင်ဘက်တွင် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊အနောက်ဖက်တွင်ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၊ အနောက် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် ဘင်္ဂလား ပင်လယ်အော်နှင့် ကပ္ပလီ

ပင်လယ် တို့တည်ရှိပါသည်။ မြန်မာနိုင်ငံသည် မြေပေါ် မြေအောက်သယံဇာတ၊ ထွန်ယက်စိုက်ပျိုးနိုင်သောမြေနှင့် သင့်တင့်မျှတသော ရာသီဥတုရှိရာ ရပ်ဝန်းဖြစ်၍ သဘာဝ သယံဇာတ၊ စိုက်ပျိုးရေး ထွက်ကုန်နှင့် ရေထွက် စားသောက် ကုန်များ ပေါများသော နိုင်ငံဖြစ်ပါသည်။

နိုင်ငံတော်၏ ပုဂ္ဂလိကကဏ္ဍနှင့်အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဟန်ချက်ညီညီဖြင့် ထောက်ကူ ချိတ်ဆက် ဖွံ့ဖြိုးစေရန် အလို့ငှာ လက်ရှိနိုင်ငံ၏ အားသာချက်၊ ပတ်ဝန်းကျင်နိုင်ငံများ၏ လိုအပ်ချက်၊ အနာဂတ်ကာလများ၌ ဒေသအလိုက်နှင့် အသိုက်အဝန်းဆိုင်ရာ အဖွဲ့အစည်းတို့၏ ဦးတည်ချက်လားရာများအပေါ် ချင့်ချိန်မျှော်မှန်းလျက် မိမိနိုင်ငံ၏ အခြေခံကျောရိုး ဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာရန်နှင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှု မြင့်မားလာစေရန် တို့ကို အစီအမံများဖြင့် ပံ့ပိုးဆောင်ရွက်သွားရန်ဖြစ်သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတနှင့် လူသားအရင်းအမြစ် ပေါကြွယ်ဝမှု၊ ဒေသတွင်း အချက်အချာကျသော နေရာတွင် တည်ရှိနေမှု စသည့် အားသာချက်များကို အသုံးချပြီး တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို တည်ဆောက်ရာတွင် အဓိက အခန်း ကဏ္ဍမှ ပါဝင်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်ရှင်သန် အားကောင်း လာစေရန် အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီအစိုးရသစ်သည်ပြောင်းလဲနေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ မူဝါဒများ ချမှတ်လျက် အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာ SME များ၏ အခန်းကဏ္ဍနှင့် မျက်မှောက် စီးပွားရေးအခြေအနေ

အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ အရ ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ AEC နှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်း ယန္တရားများကြောင့် အာဆီယံနိုင်ငံများအတွင်း ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ငွေကြေးကဏ္ဍနှင့် ကျွမ်းကျင်လုပ်သားများ အတားအဆီးမရှိ လွတ်လပ်စွာ စီးဆင်းမှုများ ဖြစ်လာတော့မည် ဖြစ်သောကြောင့် ပြည်ပမှအရည်အသွေး မြင့်မား၍ တန်ဖိုးနည်းသောကုန်စည်ပစ္စည်းများ ပြည်တွင်း ဈေးကွက်သို့ ပိုမို ဝင်ရောက် လာမည် ဖြစ်ပါသည်။ ပြည်တွင်း လုပ်ငန်းများ အနေဖြင့် ပြည်ပမှ ဝင်ရောက်လာမည့် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဈေးနှုန်းတို့ကို ယှဉ်ပြိုင်စွမ်းရှိအောင်

ဆောင်ရွက်ရ မည်ဖြစ်သည့်အပြင် တီထွင် ဆန်းသစ်မှု မြင့်မားလျက် နိုင်ငံ အတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း များ၏ စွမ်းဆောင်ရည်များကို မြှင့် တင်ရန်လိုအပ်သည်။





အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ၏ စွမ်းဆောင်ရည် များ မြှင့်တင်ရန် သာမက ကုန်ပစ္စည်းများလျင်မြန် လွယ်ကူစွာ စီးဆင်းရေး၊ အခြေခံအဆောက်အဦနှင့် ကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ကောင်း ဖြစ်လာရေး၊ လုပ်ငန်းလုပ်ကိုင်မှု လွယ်ကူချောမွေ့ရေး တို့အတွက် စီးပွားရေး ဆိုင်ရာ မူဝါဒကောင်းများဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များအား မြှင့်တင်ပံ့ပိုးပေးရန် လိုအပ်လျက် ရှိပါသည်။

# ၀၂

## မြန်မာ SMEs များ၏ နောက်ခံသမိုင်း

မြန်မာနိုင်ငံ သည် ၁၉၉၇ ခုနှစ် တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီမိုကရေစီ အစိုးရသစ်လက်ထက် မှစ၍ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင် ပြောင်းလဲမှုများ အား အဆင့်အလိုက် ဆောင်ရွက်ခဲ့ပါသည်။

ဒီမိုကရေစီအစိုးရသစ်အနေဖြင့် ၂၀၁၁ ခုနှစ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ကြီး (၈) ရပ်ကို ချမှတ်သကဲ့သို့ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးနှင့် ဝင်ငွေတိုးတက်ရရှိရေး အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးရေး အထူးသဖြင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရေးကြီးသော လုပ်ငန်းအဖြစ် ဦးတည် သတ်မှတ်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ထောင်စုနှစ် ရည်မှန်းချက် တစ်ခုဖြစ်သည့် "ဆင်းရဲမှုလျှော့ချရေး" လုပ်ငန်းစဉ်ကို ပြည့်မီစေရန်ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် နိုင်ငံ၏ GDP တိုးတက်ရန် တို့မှာ SME များဖွံ့ဖြိုးမှုနှင့် အဓိက သက်ဆိုင် နေကြောင်းကိုသုံးသပ် တွေ့ရှိခဲ့ရပါသည်။

SME လုပ်ငန်းများမှာ စီးပွားရေးလုပ်ငန်းများ၏ (၉၉%) ကျော်ရှိနေသဖြင့် မြန်မာနိုင်ငံ၏ အဓိကကျောရိုး မဏ္ဍိုင်ဖြစ်နေပြီး၊ နိုင်ငံလူဦးရေ၏ လေးပုံသုံးပုံကို SME လုပ်ငန်းများမှအလုပ်အကိုင် အခွင့်အလမ်းများ ဖြည့်ဆည်း ပေးနေသည့်အတွက် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင် SME များ၏ အခန်းကဏ္ဍမှာ အလွန် အရေးပါသောနေရာတွင်ရှိနေပါသည်။



မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှာမြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတိုင်း၌ အဓိကအရေးပါသော်လည်း တိကျသော အဓိပ္ပါယ်သတ်မှတ်ချက်မှာ စက်မှုလက်မှုကဏ္ဍ၌သာရှိခဲ့ပါသည်။

၁၉၉၀ ပြည့်နှစ်၌ ပြဋ္ဌာန်းထားသော ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ဥပဒေအရသာ စက်မှုလုပ်ငန်းများ၏ အရွယ်ပမာဏ၊ အသုံးပြု မြင်းကောင်ရေ၊ အလုပ်သမားဦးရေနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊ တစ်နှစ် ထုတ်လုပ်မှုပမာဏတို့ဖြင့် ခွဲခြားသတ်မှတ်ထားခဲ့ပါသည်။









## ၁၉၉၀ ခုနှစ်ပုဂ္ဂလိကစက်မှုလုပ်ငန်းများဥပဒေအရ အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းများ၏အဓိပ္ပါယ်သတ်မှတ်ချက်

### အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ၏အဓိပ္ပါယ်ဖွင့်ဆိုချက်

| အမျိုးအစား | အသေးစား | အလတ်စား | အကြီးစား |
|---|---|---|---|
| မြင်းကောင်ရေအား (HP) | ၃-၂၅ | ၂၅-၅၀ | < ၅၀ |
| လုပ်သားအင်အား (ဦးရေ) | ၁၀-၅၀ | ၅၀-၁၀၀ | < ၁၀၀ |
| ရင်းနှီးမြှုပ်နှံမှု (ကျပ်သိန်း) | ၁သိန်းထိ | ၁-၅ | < ၅ |
| တစ်နှစ်ထုတ်လုပ်မှု (ကျပ်သိန်း) | ၂.၅သိန်းထိ | ၂.၅-၅ | < ၁၀ |

အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ အတွက် သီးခြားအဓိပ္ပါယ်ဖွင့်ဆိုမှုမရှိခဲ့သည့် နည်းတူ အသေးစားနှင့်အလတ်စား လုပ်ငန်းများ မြှင့်တင်ရေးမူဝါဒ၊ ဥပဒေများနှင့် မြှင့်တင်ရေး နည်းဗျူဟာများမရှိခဲ့ပါ။ မြန်မာနိုင်ငံ၌ အသေးစား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဆိုင်ရာ မူဝါဒကောင်းများ၊ ဥပဒေများ၊ မြှင့်တင်ရေး အစီအစဉ်များ နှင့် လက်တွေ့ ပံ့ပိုးကူညီမှုများ မရှိပါက SME လုပ်ငန်းများ ရေရှည်ရှင်သန် ရပ်တည်နိုင်မှု မရှိနိုင်ကြောင်းကို ပညာရှင်များမှ သုံးသပ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ အတွင်းရှိ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အား ထိရောက်စွာ ကူညီပံ့ပိုး ဆောင်ရွက်နိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုဌာနကို အမှတ် (၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာ လမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီးတွင် ၂၀၁၂ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့မှ စတင်၍ ဖွင့်လှစ်ခဲ့ပါသည်။ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုဌာနအား ဌာန ကြီး (၃)ခု ဖြင့်ဖွဲ့စည်းခဲ့ပြီး SME များ၏ လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုးရေး၊ နည်းပညာများလွှဲပြောင်း ရရှိရေး၊ ငွေကြေးပံ့ပိုး ပေးခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်းနှင့် သတင်း အချက်အလက် တိုးမြှင့် ရရှိရေး တို့ကို ပံ့ပိုးပေးခဲ့ပါသည်။

## မြန်မာ SMEs များ၏ အားသာချက်များနှင့် အားနည်းချက်များ

SMEs များ၏ အားသာချက် များမှာပြောင်းလဲနေသောဈေးကွက် အခြေအနေပေါ် မူတည်၍ လျှင်မြန် စွာ ပြုပြင်ပြောင်းလဲ တုန့်ပြန်နိုင် ခြင်း (Flexibility)၊ တီထွင် ကြံဆ မှုရှိခြင်း (Innovation)၊ လုပ်အား စရိတ်နှင့် ဝန်ဆောင်မှု စရိတ်သက် သာခြင်း (Low Cost)၊ နေရာအနှံ့ အပြား၌တည်ရှိနိုင်မှုနှင့်တည်ရှိသော နေရာဒေသ၏ အချက်အချာကျမှု အကျိုးကျေးဇူးများကို ထုတ်ယူ သုံးစွဲနိုင်မှုရှိခြင်း(Geographical Benefits)၊ သက်သာသော မြို့ပြ စရိတ်ရှိခြင်း(Lower Congestion Cost)၊ ဈေးကွက် တုံ့ပြန်မှုအရ ထုတ်လုပ်မှု ပုံစံပြောင်းလဲခြင်းကို လုပ်ငန်းကြီးများထက် ပိုမိုလွယ် ကူလျင်မြန်စွာ ဆောင်ရွက် နိုင်ခြင်း တို့ ရှိကြပါသည်။

စီးပွားရေးပညာရှင်များ၏ လေ့လာချက်များအရ ထုတ်လုပ်မှု နည်းပညာသစ်၊ ကုန်ပစ္စည်း သစ် များကို SMEs က ဖော်ထုတ်ခဲ့ ကြပြီး၊ တီထွင်ကြံဆမှု အောင်မြင် ပါကလုပ်ငန်းကြီးများ ဖြစ်လာနိုင်

သလိုမအောင်မြင်ပါကလည်းပျောက်ကွယ်သွား နိုင်သည်ဟု လည်းညွှန်းဆိုထားကြပြီး လုပ်အားစရိတ်နှင့် ဝန်ဆောင်စရိတ်များ၌ SMEs များသည် လုပ်ငန်းကြီးများထက် ပိုမိုသက်သာသည်ကိုလည်း တွေ့ရှိရသည်။ SMEs သည် နေရာအနှံ့အပြားတွင် တည်ရှိခြင်း ကြောင့် ခွဲဝေ ဖြန့်ဖြူးမှု ပြုလုပ်ရာတွင် လုပ်ငန်းကြီးများနှင့် နှိုင်းယှဉ်လျှင် အကျိုးကျေးဇူးပိုရှိကြောင်း တွေ့ရှိရပါသည်။ လူနေထူထပ်သောနေရာများတွင် SMEs များသည် အခြေမစိုက်ပဲမြို့ပြအပြင်ဘက်ဆင်ခြေဖုံးစသည့်နေရာများတွင် တည်ရှိသောကြောင့် လူနေထူထပ်သည့် မြို့ပြတွင် အခြေစိုက်သည့် လုပ်ငန်းကြီးများထက် ရင်းနှီးမြှုပ်နှံမှုစရိတ်များစွာ သက်သာကြောင်း လည်းတွေ့ရှိရပါသည်။

သို့ရာတွင် မြန်မာ SMEs ၏ အားနည်းချက်များမှာ SMEs အများစုသည် မိသားစု လုပ်အားနှင့် အရင်းအနှီးအပေါ် အခြေခံပြီး တည်ဆောက်ရသောကြောင့်အရင်းအနှီးရှားပါးမှုနှင့် အရင်းအနှီး ပံ့ပိုးပေးမည့် တရားဝင်အဖွဲ့အစည်း မရှိခြင်းသည် အဓိက အားနည်းချက်ဖြစ်လာခဲ့သည်။ မိသားစု ပုံစံဖြင့်လုပ်ငန်းကိုလည်ပတ် လုပ်ကိုင်ကြသဖြင့် စီမံအုပ်ချုပ်မှုအားနည်းပြီး ရရှိလာသော အကျိုးအမြတ်များမှာ လုပ်ငန်းနှင့် မဆိုင်သော အခြားကိုယ်ရေးကိုယ်တာ ကိစ္စများ၌ သုံးစွဲခြင်းမျိုးလည်းရှိကြ၍ အစိုးရဘဏ္ဍာရေး အဖွဲ့အစည်းများမှ SMEs များအား တရားဝင်ချေးငွေပေးခြင်းကို စွန့်စားမှု (Risk) များသည်ဟု လက်ခံထားကြဆဲ ဖြစ်ပါသည်။ ထောက်ပံ့ ပေးမှုမရှိသည့်အတွက် ခေတ်မီ နည်းပညာနှင့် ခေတ်မီ စက်ကိရိယာ သုံးစွဲမှု အားနည်းခြင်း၊ ပြည်ပဈေးကွက်နှင့် ဈေးကွက် ဗဟုသုတများ ဆန်းစစ်မှုမပြုနိုင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R&D) ကိစ္စရပ်များ၌ မသုံးစွဲနိုင်ခြင်း၊ ဒေသအလိုက် ထုတ်ကုန်များ၏ စံချိန်စံညွှန်းနှင့် သတင်းအချက် အလက်မရရှိခြင်း၊ ကြော်ငြာမှု လုပ်ငန်းများ၌ အသုံး မပြုနိုင်ခြင်းစသည့် အားနည်းချက်များကို တွေ့ရှိရပါသည်။ မြန်မာ SMEs အများစုသည် ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှုများတွင် မိရိုးဖလာ နည်းအတိုင်း လုပ်ဆောင်နေဆဲဖြစ်၍ အောက်ဖော်ပြပါ အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည် -

- ငွေကြေးအရင်းအနှီးရရှိမှုအခက်အခဲရှိခြင်း (Access to Financing)
- နည်းပညာလွှဲပြောင်းရရှိရေးအခက်အခဲရှိခြင်း (Transfer of Technology)
- ပြည်တွင်းပြည်ပဈေးကွက်ထိုးဖောက်နိုင်မှုအားနည်းချက်များရှိခြင်း(Access to Market )
- ကုန်ထုတ်လုပ်မှုနည်းပညာကျွမ်းကျင်မှုနိမ့်ကျနေခြင်း (Lack of Technology and Productivity)
- အချိန်နှင့်တစ်ပြေးညီသတင်းအချက်အလက်ရရှိမှုအခက်အခဲရှိခြင်း(Lack of Information )
- စီးပွားရေးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများကိုကူညီပေးမည့်ဌာနများလိုအပ်ချက်ရှိနေခြင်း (Business Development Services )
- သင့်တင့်မျှတသောအခွန်အကောက်နှင့်အထူးအခွင့်ထူးခံစားခွင့်မရရှိခြင်း (Tax Incentive )
- တန်းတူညီမျှသောယှဉ်ပြိုင်မှုအခွင့်အရေးမရှိခြင်း (Level of Playing Field)
- အခြေခံအဆောက်အအုံများမပြည့်စုံခြင်း(Infrastructure/Institutions)
- လုပ်သာကိုင်သာရှိသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံအခြေခံကောင်းများဖန်တီးပေးနိုင်မှု အားနည်းခြင်း (Conducive Business Environment)

# နိုင်ငံတော်အဆင့် SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ

၀၃

## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေးကို ဦးဆောင်လျက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ တို့ကို နိုင်ငံတော်သမ္မတရုံး၏ ၉-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပါသည်-

### ဗဟိုကော်မတီဖွဲ့စည်းခြင်း

| | |
|---|---|
| နိုင်ငံတော်သမ္မတ | **ဥက္ကဋ္ဌ** |
| ဒုတိယသမ္မတ(၁) | **ဒုတိယဥက္ကဋ္ဌ** |
| ဒုတိယသမ္မတ(၂) | **ဒုတိယဥက္ကဋ္ဌ** |
| ပြည်ထောင်စုဝန်ကြီးများ | **အဖွဲ့ဝင်** |
| ပြည်ထောင်စုရှေ့နေချုပ် | |
| ပြည်ထောင်စုစာရင်းစစ်ချုပ် | |
| တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ | |
| ဥက္ကဋ္ဌ ၊ UMFCCI | |

ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၃) **အတွင်းရေးမှူး**

ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၅) **တွဲဖက်အတွင်းရေးမှူး**

**စုစုပေါင်း အဖွဲ့ဝင် (၄၀) ဦး**

## "အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ မဟာဗျူဟာနှင့် မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ"



## မဟာဗျူဟာဆိုင်ရာလမ်းညွှန်ချက်များ

- စွန့်ဦးတီထွင် လုပ်ငန်းရှင်များကို တိုက်ရိုက်အကူအညီပေးရေး မဟာဗျူဟာ၊
- ဈေးကွက်နှင့်ထုတ်လုပ်မှု ပတ်ဝန်းကျင်ကောင်း ဖန်တီးရေး မဟာဗျူဟာ၊
- ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး မဟာဗျူဟာ၊
- နည်းပညာ လွှဲပြောင်းရယူခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရေး မဟာဗျူဟာ၊
- ဈေးကွက်ဝင် အရည်အသွေးရှိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေး မဟာဗျူဟာ၊
- ပြည်တွင်း/ပြည်ပဈေးကွက်ချဲ့ထွင် ဆောင်ရွက်ရေး မဟာဗျူဟာ၊
- အရင်းအနှီးပံ့ပိုးကူညီရေး မဟာဗျူဟာ၊

## မူဝါဒဆိုင်ရာလမ်းညွှန်ချက်များ

- လုပ်ငန်းသစ်များ အစပျိုးရာတွင်တွေ့ကြုံရမည့် အခက်အခဲ အတားအဆီးများ လျှော့ချရေး၊
- ရင်းနှီးမတည်ငွေ စီးဆင်းမှု၊
- ပညာပေးခြင်းနှင့်စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊
- သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ချိမှု အားကောင်းစေခြင်း၊

# လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

| | |
|---|---|
| ဒုတိယသမ္မတ(၂) | ဥက္ကဋ္ဌ |
| ပြည်ထောင်စုဝန်ကြီးများ<br>ဒုတိယဝန်ကြီးများ<br>ဒုတိယဥက္ကဋ္ဌ(UMFCCI) | အဖွဲ့ဝင် |
| ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| **စုစုပေါင်း အဖွဲ့ဝင်** | **(၁၅) ဦး** |





## "အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ

## ဒုတိယသမ္မတ ဦးညာဏ်ထွန်း၏ မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ"



- လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင် အခြေခံကောင်းများ ရရှိစေရေး၊
- စွန့်ဦးတီထွင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိရေး၊
- ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
- တီထွင်ဖန်တီးမှုနှင့်နည်းပညာ ရယူရေး၊
- ဈေးကွက်ဝင်ဆန့်မှု ရရှိရေး၊






## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီမှ ကျင်းပခဲ့သော အစည်းအဝေးများ

| စဉ် | အမှတ်စဉ် | ကျင်းပသည့်ရက်စွဲ | ကျင်းပသည့်နေရာ |
|---|---|---|---|
| (၁) | (၁/၂၀၁၃) | ၂၁.၁.၂၀၁၃ | နိုင်ငံတော်သမ္မတရုံး ရုံးအမှတ်(၁၈) |
| (၂) | (၂/၂၀၁၃) | ၁.၁၁.၂၀၁၃ | စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) |
| (၃) | အစုအဖွဲ့ အစည်းအဝေး | ၆.၅.၂၀၁၄ | စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) |
| (၄) | အစုအဖွဲ့ အစည်းအဝေး | ၆.၅.၂၀၁၄ | စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) |
| (၅) | (၁/၂၀၁၄) | ၂၉.၈.၂၀၁၄ | စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) |
| (၆) | (၁/၂၀၁၄) | ၁၂.၈.၂၀၁၅ | စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) |

## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအောက်ရှိ အစုအဖွဲ့များ

အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ တာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် အတွက်သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ ဦးဆောင်သောအစုအဖွဲ့ (၉)ဖွဲ့ဖြင့် ပံ့ပိုးမြှင့်တင်ရမည့် နယ်ပယ်များကို ကျယ်ပြန့်စွာပံ့ပိုးဆောင်ရွက်လျက်ရှိ ပါသည်။





















## အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များ

နိုင်ငံတော်သမ္မတကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပြုပြင်ပြောင်းလဲရေးဦးဆောင်ကော်မတီအောက်ရှိ ကော်မတီ (၅) ရပ် အနက် စီးပွားရေးရာကော်မတီ လက်အောက်တွင်ဖွဲ့စည်းထားရှိသည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ မှလည်း ၂၀၁၃ ခုနှစ် မှ ၂၀၁၅ ခုနှစ် အတွင်း နေပြည်တော် ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော် ကောင်စီနယ်မြေများ၌ SME လုပ်ငန်းရှင်များနှင့်တရင်းတနှီး သွားရောက် တွေ့ဆုံ၍ SME များ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများကို ဖော်ထုတ်လျက် ဖြေရှင်းပေးခဲ့ပါသည်။

## အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီ

| | | |
|---|---|---|
| ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် | - | နာယက |
| ဒုတိယဝန်ကြီးဦးမျိုးအောင် | - | ဥက္ကဋ္ဌ |
| ညွှန်ကြားရေးမှူးချုပ် | - | ဒုတိယ ဥက္ကဋ္ဌ |
| စက်မှုညွှန်ကြားရေးနှင့် စစ်ဆေးရေးဦးစီးဌာန | | |
| ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးများ | - | အဖွဲ့ဝင်များ |

**စုစုပေါင်း (၈) ဦး**





| စဉ် | အစည်းအဝေး အကြိမ် | ကျင်းပသည့်နေရာ | ကျင်းပရက် | တက်ရောက် သူဦးရေ |
|---|---|---|---|---|
| (က) | ပထမအကြိမ် | ရန်ကုန်တိုင်း တိုင်းဒေသကြီး | ၆.၁၁.၂၀၁၃ | ၁၀၀ ဦး |
| (ခ) | ဒုတိယအကြိမ် | မန္တလေး တိုင်းဒေသကြီး | ၁၂.၁၁.၂၀၁၃ | ၁၂၀ ဦး |
| (ဂ) | တတိယအကြိမ် | အသင်းအဖွဲ့များ | ၁၄.၃.၂၀၁၄ | ၄၀ဦး |
| (ဃ) | စတုတ္ထအကြိမ် | ပဲခူး တိုင်းဒေသကြီး | ၃၁.၃.၂၀၁၄ | ၁၅၂ ဦး |
| (င) | ပဥ္စမအကြိမ် | ရှမ်းပြည်နယ် | ၄.၄.၂၀၁၄ | ၁၂၅ ဦး |
| (စ) | ဆဋ္ဌမအကြိမ် | မကွေး တိုင်းဒေသကြီး | ၃၀.၄.၂၀၁၄ | ၁၂၀ ဦး |
| (ဆ) | သတ္တမအကြိမ် | ဧရာဝတီ တိုင်းဒေသကြီး | ၃၁.၅.၂၀၁၄ | ၂၅၀ ဦး |
| (ဇ) | အဋ္ဌမအကြိမ် | စစ်ကိုင်း တိုင်းဒေသကြီး | ၂၇.၆.၂၀၁၄ | ၁၃၀ ဦး |
| (ဈ) | နဝမအကြိမ် | ကရင်ပြည်နယ် | ၂၆.၉.၂၀၁၄ | ၈၅ ဦး |
| (ည) | ဒသမအကြိမ် | မွန်ပြည်နယ် | ၂၈.၁၁.၂၀၁၄ | ၉၂ ဦး |
| (ဋ) | ဧကဒသမအကြိမ် | ရခိုင်ပြည်နယ် | ၈.၁၂.၂၀၁၄ | ၉၀ ဦး |
| (ဌ) | ဒွါဒသမအကြိမ် | ကယားပြည်နယ် | ၂၃.၂.၂၀၁၅ | ၁၄၈ ဦး |






## တွေ့ဆုံဆွေးနွေးမှုများမှ ရရှိသည့် အကျိုးကျေးဇူးများ





- SMEs များ၏ ငွေချေးခြင်း အတွက် ဖြေလျှော့မှုများပေးခြင်း၊
- SMEs များ၏အပေါင်ပစ္စည်းများကို စစ်ဆေးပေးနိုင်သော ဝန်ထမ်းများ၏ Capacity မြှင့်တင်ခြင်း၊
- ရာဖြတ်သင်တန်းများဖွင့်၍ရာဖြတ်အဖွဲ့များတိုးတက်ဖွဲ့စည်းလျက် ဒေသများ၌ ကျယ်ပြန့်စွာစစ်ဆေးပေးခြင်း၊
- SMEs များ၏ငွေကြေးစီမံခန့်ခွဲမှုမြင့်မားလာစေရန် သင်တန်းပေးခြင်း၊





- နည်းပညာတောင်းဆိုမှုများကို ဖြည့်ဆည်းပေးခြင်း
- နိုင်ငံတကာလုပ်ငန်းရှင်များနှင့် တွေ့ဆုံပေးခြင်း
- ချေးငွေများကို တစ်နိုင်ငံလုံးအနှံ့ ခွဲဝေချထားပေးခြင်း
- ရွှေ့လျားသင်တန်းများဖြင့် ဒေသအနှံ့လုပ်သားများ၏ လုပ်ငန်းကျွမ်းကျင်မှုကို မြှင့်တင်ခြင်း၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း။

## မြန်မာ SME ပေါ်လစီ

မြန်မာအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၏ မျှော်မှန်းချက်ဖြစ်သော **"ကဏ္ဍအသီးသီးရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကောင်းများ မြင့်မားလာပြီး၊ နိုင်ငံသားများ၏အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေးတို့ကို ဦးဆောင်သွားနိုင်ရန်"** ကို အဓိကထားလျက် အောက်ပါဧရိယာ နယ်ပယ်များကို အလေးပေး ဆောင်ရွက်သွားမည် ဖြစ်သည်-

(က) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် တီထွင်ဖန်းတီးမှု စွမ်းရည်မြင့်တင်ရေး (Human Capital Development and Innovation)

(ခ) နည်းပညာဖွံ့ဖြိုးမှုနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များ ပေါ်ထွန်းနိုင်ရေး (Technology Adoption and Entrepreneurship Development)

(ဂ) ဘဏ္ဍာရေး အရင်းအမြစ်များရရှိရေး (Access to Financing)


(ဃ) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး (Infrastructure)

(င) ဈေးကွက် ဝင်ဆန့်မှုရရှိစေရေးအတွက် လုပ်ငန်းဈေးကွက် အထောက်အကူ ပေးနိုင်ရေး (Market access)

(စ) သင့်လျော်သောအခွန်အကောက်နှင့်လုပ်ထုံး လုပ်နည်းများဆိုင်ရာ ထောက်ပံ့ပေးနိုင်ရေး (Legal and regulatory environment)

နယ်ပယ် (၆) ရပ်

## ဦးစားပေးနယ်ပယ် (၆)ရပ် ၏ အထောက်အကူပြုပုံစံ




## အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ အတည်ပြုရေး ဆောင်ရွက်ချက်များ

| | |
|---|---|
| ပူးပေါင်းရေးဆွဲသည့် မဟာမိတ်အဖွဲ့အစည်းများ | - GIZ, FNF, JICA, JETRO, UNESCAP, UNIDO အစရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများ ပုဂ္ဂလိကကဏ္ဍနှင့် UMFCCI မှ ပညာရှင်များ၊ |
| ညှိနှိုင်းဆွေးနွေးခြင်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့သည့်အကြိမ် အရေအတွက် | - (၇) ကြိမ် |
| JICA အထောက်အပံ့ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်း | - (၃) ကြိမ် |
| SME မူဝါဒ (မူကြမ်း )အား စက်မှုဝန်ကြီးဌာန ၊ စီမံခန့်ခွဲရေး ကော်မတီမှအတည်ပြုသည့်နေ့ | - (၂၃.၄.၂၀၁၅) |
| မူဝါဒ (မူကြမ်း )အားမြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့်စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့၊လုံခြုံရေး၊ တည်ငြိမ် အေးချမ်းရေးနှင့်တရား ဥပဒေ စိုးမိုးရေးကော်မတီသို့ တင်ပြခြင်း | - (၃.၆.၂၀၁၅) |

## မြန်မာ SME ဥပဒေ ပေါ်ပေါက်လာပုံ အဆင့်ဆင့်

| | |
|---|---|
| ပူးပေါင်းရေးဆွဲသည့် မဟာမိတ်အဖွဲ့အစည်းများ | - GIZ, FNF, JICA, JETRO, UNESCAP, UNIDO များ အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းပုဂ္ဂလိကကဏ္ဍနှင့် UMFCCI မှ ပညာရှင်များ၊ |
| အများပြည်သူသို့ဖြန့်ဝေခြင်း | - ၂၁.၁.၂၀၁၄ ရက် |
| လွှတ်တော်သို့တင်သွင်းခြင်း | - ၃.၂.၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမျိုးသား လွှတ်တော်နဝမပုံမှန် အစည်းအဝေး |
| အမျိုးသားလွှတ်တော်မှ အတည်ပြုခြင်း | - ၂၉. ၇ .၂၀၁၄ ရက်နေ့ |
| ပြည်သူ့လွှတ်တော်မှ အတည်ပြုခြင်း | - ၂၀.၁.၂၀၁၅ ရက်နေ့၊ ၁၂ကြိမ်မြောက် ပုံမှန်အစည်းအဝေး |
| လွှတ်တော် (၂) ရပ်ညှိနှိုင်းခြင်း | - (၃)ကြိမ် (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ၊ မတ် နှင့်ဧပြီ လများအတွင်း) |
| သမ္မတရုံးမှအကြံပြုပြင်ဆင်ခြင်း | - ဧပြီလ ပထမအပတ် |
| ဥပဒေအားအတည်ပြုခြင်း | - ၉.၄.၂၀၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပထမအကြိမ်အမျိုးသားလွှတ်တော်နဝမပုံမှန်အစည်းအဝေး |










## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော SME ၏အဓိပ္ပါယ်ဖွင့်ဆိုချက်

| စဉ် | လုပ်ငန်းအမျိုးအစား | အလုပ်သမား ဦးရေ (အမြဲတမ်း) | မတည် ရင်းနှီးငွေ (ကျပ်သန်း) | လွန်ခဲ့သော နှစ်၏ ဝင်ငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၁။ | **အသေးစားစီးပွားရေးလုပ်ငန်းများ** | | | |
| | (က) ထုတ်လုပ်မှုလုပ်ငန်း | ၅၀ ဦးအထိ | ၅၀၀ ကျပ်သန်း အထိ | - |
| | (ခ) လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း (သို့) လက်ခစားလုပ်ငန်း | ၃၀၀ ဦးအထိ | ၅၀၀ ကျပ်သန်း အထိ | - |
| | (ဂ) လက်ကားရောင်းဝယ်ရေး လုပ်ငန်း | ၃၀ ဦးအထိ | - | ၁၀၀ ကျပ်သန်း အထိ |
| | (ဃ) လက်လီရောင်းဝယ်ရေး လုပ်ငန်း | ၃၀ ဦးအထိ | - | ၅၀ ကျပ်သန်း အထိ |
| | (င) ဝန်ဆောင်မှုပေးသည့်လုပ်ငန်း | ၃၀ ဦးအထိ | - | ၁၀၀ ကျပ်သန်း အထိ |
| | (စ) အထက်ပါလုပ်ငန်းများမှအပ ကျန်လုပ်ငန်းများ | ၃၀ ဦးအထိ | - | ၅၀ ကျပ်သန်း အထိ |

| စဉ် | လုပ်ငန်းအမျိုးအစား | အလုပ်သမား ဦးရေ (အမြဲတမ်း) | မတည် ရင်းနှီးငွေ (ကျပ်သန်း) | လွန်ခဲ့သော နှစ်၏ ဝင်ငွေ (ကျပ်သန်း) |
|---|---|---|---|---|
| ၂။ | **အလတ်စားစီးပွားရေးလုပ်ငန်းများ** | | | |
| | (က) ထုတ်လုပ်မှုလုပ်ငန်း | ၅၁ ဦးမှ ၃၀၀ ဦး အထိ | ကျပ်သန်း ၅၀၁ မှ ကျပ်သန်း ၁၀၀၀ အထိ | - |
| | (ခ) လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း (သို့) လက်ခစား လုပ်ငန်း | ၃၀၁ ဦးမှ ၆၀၀ ဦး အထိ | ကျပ်သန်း ၅၀၁ မှ ကျပ်သန်း ၁၀၀၀ အထိ | - |
| | (ဂ) လက်ကား ရောင်းဝယ်ရေး လုပ်ငန်း | ၃၁ ဦးမှ ၆၀ ဦး အထိ | - | ကျပ်သန်း ၁၀၁ မှ ကျပ်သန်း ၃၀၀ အထိ |
| | (ဃ) လက်လီ ရောင်းဝယ်ရေး လုပ်ငန်း | ၃၁ ဦးမှ ၆၀ ဦး အထိ | - | ကျပ်သန်း ၅၁ မှ ကျပ်သန်း ၁၀၀ အထိ |
| | (င) ဝန်ဆောင်မှုပေးသည့် လုပ်ငန်း | ၃၁ ဦးမှ ၁၀၀ ဦး အထိ | - | ကျပ်သန်း ၁၀၁ မှ ကျပ်သန်း ၂၀၀ အထိ |
| | (စ) အထက်ပါလုပ်ငန်း များမှအပ ကျန်လုပ်ငန်းများ | ၃၁ ဦးမှ ၆၀ ဦး အထိ | - | ကျပ်သန်း ၅၁ မှ ကျပ်သန်း ၁၀၀ အထိ |

## အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနည်
## ရေးဆွဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ

| | |
|---|---|
| ပူးပေါင်းရေးဆွဲသည့် မဟာမိတ်အဖွဲ့အစည်းများ | - GIZ, FNF, JICA, JETRO, UNES UNIDO, ILO အစရှိသည့် နိုင်ငံတ အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် UMF ပညာရှင်များ၊ လွှတ်တော် ကိုယ်စားလှ |
| အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်း | - (၅) ကြိမ် |
| လွှတ်တော် နှင့် ညှိနှိုင်းခြင်း | - ၁၂ .၆.၂၀၁၅ ရက်နေ့ |
| နည်းဥပဒေ (မူကြမ်း)အားပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ပေးပို့ရန်စက်မှုဝန်ကြီးဌာန အတည်ပြုခြင်း | - (၂၂.၇.၂၀၁၅) |
| SME နည်းဥပဒေ (မူကြမ်း)အပေါ် သဘောထားမှတ်ချက်ရရှိရန်ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ပေးပို့ခြင်း | - (၃၀.၇.၂၀၁၅) |
| ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သဘောထား မှတ်ချက်ပြန်ကြားခြင်း | - (၆.၁၀.၂၀၁၁၅) |






# အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာန

## ဝန်ဆောင်မှုပေးသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတ ဌာနများ တိုးချဲ့ဖွဲ့စည်းခြင်း

(၂၀၁၂) ခုနှစ်၊ ဧပြီလ(၁) ရက် နေ့မှစ၍ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုဌာနကို ဝန်ထမ်း (၄၇) ဦးဖြင့်ဖွဲ့စည်းခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဧပြီလ (၁) ရက် နေ့တွင် အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ခန့်အပ် ဝန်ထမ်းအင်အား (၃၇၈) ဦး ဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေး

လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ေ ဟု ပြောင်းလဲ ၍ စက်မှုကြီးကြ နှင့် စစ်ဆေးရေးဦးစီးဌာန သွတ်သွင်းခန့်ထားပြီး ရုံးခွဲ နေပြည်တော် ကောင်စီနယ် ပြည်နယ်/ တိုင်း ဒေသကြီး ခရိုင်ရုံးခွဲ (၃၅) ခု၊ စုစုပေါင်း ရုံ အသစ်ဖွင့်လှစ်၍ မြန်မာတ လုံးရှိ SMEs များကို ပံ့ပိုးပေ ရှိပါသည်။

### SMEs Development Department ဖွဲ့စည်းပုံ



## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်မှုများ

### SMEs များ၏ Competency မြင့်မားစေရန် ပံ့ပိုးပေးသည့် သင်တန်း အစားများ

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီး တည်ထောင်ပြီး စက်မှုဇုန်များတွင်ရှိသော SMEs များ၏ Compe မြင့်မားစေရန် အောက်ပါသင်တန်းများကို မိတ်ဖက်အဖွဲ့အစည International Organization များနှင့်ပူးပေါင်းလျက် ဖွင့်လှစ်သင်ကြ ခဲ့ပါသည် -



- Capacity Building Training with I
- Entrepreneurship training with C
- Start your own Business Tr with GIZ



- CEFE Trainer of Training with GIZ
- Cluster Development Training with UNIDO
- Idea Platform Training with FNF



- Basic Business Skill Improvement and Fin Management Training with and GIZ
- General Procurement Tra with Building markets







- Customer Services Training with Building markets
- Business planning and Financial Management Training
- Business Planning and Tourism Development Training with ILO







## တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများနှင့်
## စက်မှုဇုန်များတွင်ကျင်းပခဲ့သောသင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲမျ

| အမျိုးအစား | | အကြိမ် |
|---|---|---|
| သင်တန်း | - | ၁၄၇ |
| အလုပ်ရုံဆွေးနွေးပွဲ | - | ၂၃ |
| Seminar | - | ၁၀ |
| တက်ရောက်ပြီး SMEs လုပ်ငန်းရှင်စုစုပေါင်း | - | ၆,၅၆၀ |





## ဝန်ထမ်းများ၏ Capacity Building တည်ဆောက်ခြင်း

နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ခရိုင်များတွင် ဖွင့်လှစ်သော SMEs Development Department ရှိ ဝန်ထမ်းများ၏ Ca မြှင့်တင်ရေး၊ စွမ်းရည်ရှိ ဝန်ထမ်းများဖြင့် SMEs များအား ပြည့်ဝစွာ ကူညီဖေ နိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း လျက် Capacity Strengt Program များဖြင့် တည်ဆောက်ခဲ့ပါသည်။



## ဝန်ထမ်းစွမ်းရည်မြှင့်တင်ပေးသည့် သင်တန်းအမျိုးအစားများ

- Leadership Skills and Capacity Strengthening for the Leaders
- Leadership and Effective Career Skills
- Heads of Department of SMEs Development Branches Trainin
- Communication and Customer Service Training
- CEFE Training -Training of Trainer (ToT) for SMEs Branche
- ILO Training - Training of Trainer (ToT) for
- Start your Business & Improve your Business

## နည်းပညာဆိုင်ရာအကူအညီပံ့ပိုးပေးမှုများ

### SME လုပ်ငန်းရှင် များ၏နည်းပညာရရှိရေးဆောင်ရွက်ပေးမှုများ

- မန္တလေးစက်မှုဇုန်တွင် Forging and Foundry နည်းပညာ လွှဲ
  ပေးခြင်း၊
- တောင်ဒဂုံစက်မှုဇုန် (၃)တွင် Forging and Foundry နည်
  လွှဲပြောင်းပေးခြင်း၊
- PUM Netherlands ပူးပေါင်း၍Technology Transfer on
  Plantation with GAP System သင်တန်းကို မိုးကုတ်ဒေ
  ကျင်းပပေးခြင်း၊
- သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်း၍
  ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ လုပ်ငန်း
  သို့ မုန့်ဖုတ်ခြောက်နည်းပညာ ဖြန့်ဝေခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ
  ပေးခြင်း၊



- ရှမ်းပြည်နယ် ပင်လောင်းဒေသရှိ လုပ်ငန်းရှင်များသို့ လ
စိုက်ပျိုးရေးနည်းပညာ နှင့် Value Added ထုတ်လုပ်လာ
ဆောင်ရွက်ပေးခြင်း၊
- မကွေးတိုင်းဒေသကြီး ၊မင်းလှမြို့နယ် ၊ မဲဇလီကျေးရွာရှိ သံပန်း ၊ သ
လုပ်ငန်းရှင်များအတွက် သံဂဟေဆက် နည်းပညာဆိုင်ရာ မွမ်းမံသ
ဖွင့်လှစ်ခြင်း၊
- စက်မှုနည်းပညာနှင့် ပတ်သက်သော အသေးစားအင်ဂျင်ပြုပြင် ထိန်
ခြင်း သင်တန်းကို မကွေးတိုင်း၌ ကျင်းပပေးခြင်း၊
- ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်မှ လုပ်ငန်းရှင်များသို့ အဆင့်မီ ဆ
ထုတ်လုပ်နည်းပညာ လွှဲပြောင်းပေးခြင်း၊
- စက်မှုဝန်ကြီးဌာနအောက်ရှိ အလုပ်ရုံများသို့ ကွင်းဆင်းလေ့လာစေခြ







## SME လုပ်ငန်းရှင်များသို့ နည်းပညာလွှဲပြောင်းပေးရန် မိတ်ဖက်အဖွဲ့ အစ
နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

- Korea Gunhong Co. Ltd နှင့်ပူးပေါင်း၍ Korea နည်
လွှဲပြောင်းရယူခြင်း
- Japan မှလုပ်ငန်းရှင်များနှင့် Joint Venture ပြုလုပ်၍ နည်
လွှဲပြောင်းရယူခြင်း
- ပြည်တွင်း Stakeholder များ၊ Expert များနှင့် ပူးပေါင်း၍ Fo
and Forging ဂဟေဆက်နည်းပညာများပေးအပ်ခြင်း
- ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍မှန်ဖတ်ခြောက်ပြုလုပ်ခြင်း နည်
ဆွေးနွေးခြင်း
- PUM Netherland Expert Group နှင့် ပူးပေါင်း၍ ခြေတုဂ
နည်းပညာ မြှင့်တင်ခြင်း၊ ခေတ်မီလက်ဖက်စိုက်နည်းပညာ လွှဲ
ပေးခြင်း






- GIZ နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်သရက်သီး Value Chain ကို ဝေ
ပေးခြင်း



- PUM Netherland Expert Group မှ ပညာရှင်နှင့်လည်းကောင်း
နည်းပညာတက္ကသိုလ်ရှိ ဓါတ်ခွဲခန်းတွင် စမ်းသပ်၍ လည်း
အဆင့်မြင့်ဆားချော ထုတ်လုပ်သည့်နည်းပညာ လွှဲပြောင်းပေးခဲ့ခြင်း



- PUM Netherland Expert Group နှင့် ကနေဒါ နိုင်

- ခရမ်းချဉ်သီးဆော့စ်၊ ခရမ်းချဉ်သီးဖျော်ရည်ပြုလုပ်သည့် နည်းပည Organic farm စိုက်ပျိုးသည့် နည်းပညာရယူရန် PUM Neth Expert Group ၊ Smart Myanmar ၊ GIZ, Germany ၊C Denmark International အဖွဲ့အစည်းများ နှင့် ညှိနှိုင်းထားခြင်း၊

## ဈေးကွက်ချဲ့ထွင်လာနိုင်ရေးပံ့ပိုးပေးမှုများ

Potential ရှိသော စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများ လာရေး၊ ပူးပေါင်းချိတ်ဆက်နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးတို့ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှ အောက်ပါ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

- Japan-Myanmar Economy and Investment (JMEIC) နှင့်ပူးပေါင်း၍ ဂျပန်လုပ်ငန်းရှင်များနှင့် ဒေသမှ Agriculture Sector, Solar Sector, Service တို့မှ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး ညှိနှိုင်းပေးခြင်း
- SMRJ-Small and Medium Enterprises and Re Innovation, Japan အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ရန်ကုန် Business Matching ပြုလုပ်ခြင်း
- Japan-Myanmar Association နှင့်ပူးပေါင်း၍ ရန်က Business Matching ကျင်းပပေးခြင်း

## နိုင်ငံတကာပြပွဲများ၊ ပြည်တွင်းပြည်ပပြပွဲများတွင် ပူးပေါင်းဆောင်ရွက်ခြင်း

မလေးရှားနိုင်ငံ Kuala Lumpur Convention တွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့မှ (၆) ရက်နေ့ အထိကျင်းပပြုလုပ်ခဲ့သည့် SME Innovation Showcase "SMIDEX 2014" သို့ မြန်မာ စီးပွားရေးလုပ်ငန်းရှင် (၁၀) ဦး ပါဝင်စေလျက် ၎င်းတို့၏ ထုတ်ကုန်များ၊ နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြသစေလျက် နိုင်ငံတကာ အတွေ့အကြုံများနှင့် အချိတ်အဆက်များ စသည့် အခွင့်အလမ်းများ ရရှိရန်ဆောင်ရွက်ခဲ့သည်။

Macau Franchise Expo 2014 ပြပွဲကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့မှ (၆)ရက်နေ့ အထိ မကာအိုရှိ "Venetian Macau Resort Hotel Exhibition Hall A" တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အသေးစားနှင့်အလတ်စားစီးပွားရေး

ဝန်ဆောင်မှုများ ပါဝင်ပြသ
ဆက်သွယ် ဆောင်ရွက်ပေးခဲ့ပါ

Bangkok Exh
Service Pte. Ltd မှ ဦးဆေ
မြန်မာ့အစားအစာ၊ ဖျော်ရည
ဆေးဘက်ဆိုင်ရာ "PROPAK
Myanmar 2014"
Myanmar Convention C
တွင် ၂၀၁၄ ခုနှစ်၊ စက်တင
(၄)ရက်မှ (၆)ရက်နေ့အထိ
ပြုလုပ်ခဲ့ရာ နိုင်ငံတကာ ကုမ္ပ
မှ ထုတ်ပိုးမှုဆိုင်ရာ နည်းစနစ်
စက်ပစ္စည်းများကို လာရော
ခဲ့ပြီး၊ မြန်မာ့ SMEs
လုပ်ငန်းဆိုင်ရာ နည်းပညာ
နိုင်ငံတကာကုမ္ပဏီများနှင့် ဆေ
ပြောကြားနိုင်ရန် ကူညီဆေ
ပေးခဲ့ပါသည်။

Singapore Exhi

အောက်တိုဘာလ (၂) ရက်နေ့မှ (၄) ရက်နေ့အထိ ကျင်းပပြုလုပ်သော Manufacturing Myanmar 2014 ပြပွဲတွင် နိုင်ငံတကာမှ ကုမ္ပဏီများ လာရောက် ပြသခဲ့ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန်နှင့် နိုင်ငံတကာကုမ္ပဏီများနှင့် Joint Venture နှင့် Business Matching များ ပူးပေါင်းဆောင်ရွက် နိုင်ရန် ဆက်သွယ် ကူညီပေးခဲ့ပါသည်။



Business Matching in Myanmar at November, 2014





ဂျပန်နိုင်ငံမှ လုပ်ငန်းရှင် (၅၀၀) ဦးနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင် (၇) ဦး အပါအဝင် အာဆီယံနိုင်ငံများမှ Executive SME လုပ်ငန်း ရှင် (၅၀) ဦး ကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့နှင့် အိုဆာကာမြို့တို့၌ တွေ့ဆုံ ဆွေးနွေးနိုင်ရန် ဂျပန်နိုင်ငံ အစိုးရနှင့် ၂၀၁၅ ခုနှစ်၊ မတ်လအတွင်း ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။








မလေးရှားနိုင်ငံ၊ SME Corporation နှင့် ပူးပေါင်းလျက် ASEAN SME Showcase ကို ၂၀၁၅ ခုနှစ်၊ မေလအတွင်း ကျင်းပခဲ့ရာ အာဆီယံနိုင်ငံများမှ SME များ၊ International အဖွဲ့ အစည်းများ၊ မလေးရှားနိုင်ငံမှ SME လုပ်ငန်းရှင် (၁၅၀၀) ဦးတို့တက်ရောက်ခဲ့ကြပြီး Business Matching ပြုလုပ်ခြင်း၊ ထုတ်ကုန်များနှင့်အရည်အသွေးများပြသခြင်း၊ စာချုပ်များချုပ်ဆိုခြင်း၊ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပေါ်လစီများဖွံ့ဖြိုးလာစေရန် ညှိနှိုင်းခြင်းများဆောင်ရွက်ခဲ့ပါသည်။







မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဂျပန်နိုင်ငံမှရင်းနှီး မြှုပ်နှံသူများပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ Business Matching Workshop ကို (၁၅.၅.၂၀၁၅)ရက်နေ့တွင် IBC (ရန်ကုန်)၌ ကျင်းပပြုလုပ်ခဲ့၍ စက်မှုဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Japan Myanmar Association (JMA) တို့ ပူးပေါင်းပြီး 3rd Myanmar Business Matchingကို ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။








UMFCCI မှ ကြီးမှူးကျင်းပသော မြန်မာ့ စားသောက်ကုန်စည်ပြပွဲများကို ၂၀၁၃ခုနှစ်၊ ၂၀၁၅ ခုနှစ်များတွင် တပ်မတော်ခန်းမ၌ ကျင်းပရာ SMES Development Center မှပြခန်းဖွင့်လှစ်၍ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ပံ့ပိုးလျက်ရှိသော အခြေအနေများကို ပုံစံကားချပ်များ၊ လက်ကမ်းစာစောင်များ၊ ဗီဒီယိုရုပ်မြင်သံကြားများဖြင့် ပြသရှင်းလင်းခဲ့ပါသည်။





## အသိပညာဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်များလွယ်ကူ ချောမွေ့စေရေး ဆောင်ရွက်မှုများ

### အသိပညာတိုးပွားစေမည့်စာအုပ်များအား ဂျာမနီနိုင်ငံ FNF အထောက်အပံ့ဖြင့် မြန်မာဘာသာဖြင့် ပြန်လည်ပြုစုဖြန့်ဝေခြင်း

- အာဆီယံစီးပွားရေးအသိုင်းအဝိုင်း



- SME Guide Book Toward AEC



- အာဆီယံဒေသတွင်း ဈေးကွက်ပြိုင်ဆိုင်ရေး မူဝါဒဆိုင်ရာ လမ်းညွှန်မှု

- တစ်ရွာတစ်ဒေသ တစ်ခုထုတ်ကုန် တစ်ခုတိုးမြှင့် ထုတ်လုပ်ရေးလမ်းညွှန်မှု





- စီးပွားရေးလုပ်ငန်းများ အတွက်အာဆီယံဒေသတွင်း ယှဉ်ပြိုင်မှုမူဝါဒနှင့် ဥပဒေ လက်စွဲ စာအုပ်

## အပြန်အလှန်ဆွေးနွေးနိုင်သည့် SME Satarday Talk များကျင်းပပေးခြင်း

- "Promoting Entrepreneurship and Innovative SMEs"

  By Prof. Dr. Aung Tun Thet







- "SME Financing and Financial Policy"By Dr. Set Aung



- "Logistics Strategy for SMEs in ASEAN Economic Community" By- U Aung Khin Myint

- 



- “HR Development for SME"By Professor U Aye Kyaw







---

“Developing SME Brands” By U Aung Chit Khin






---

SMEs Development Department ၏ website ဖြစ်သော [www.smedevelopmentcentre.gov.mm](http://www.smedevelopmentcentre.gov.mm) သို့ဝင်ရောက်ကြည့်ရှုနိုင်ခြင်း



- ကျင်းပမည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ကြိုတင်သိရှိနိုင်ခြင်း၊ ဆွေးနွေးပြီးသည့် ရလာဒ်များ၊ ဗဟုသုတများကို ပြန်လည်မျှဝေခြင်း
- ASEAN အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်နေမှုများကို ဝင်ရောက်ကြည့်ရှု၍ ချိတ်ဆက်နိုင်ခြင်း၊
- စက်မှုဝန်ကြီးဌာန၏ website သို့ဝင်ရောက်၍ သတင်းအချက်အလက်များ လေ့လာနိုင်ခြင်း၊

---





- Online Training ကို အချိန်မရွေး ခေါင်းစဉ် (၅၀) ကျော် သင်ကြားနိုင်ခြင်း၊
- Online ဖြင့် SME Registration မှတ်ပုံတင်ခြင်း၊
- ဝန်ကြီးဌာနများ၊ အသင်းများ၊ ဥပဒေ များကို လေ့လာနိုင်ခြင်း၊
- စီးပွားရေး FAQ အမေး၊အဖြေများအား ပညာရှင်များမှ ဖြေကြားခြင်း၊
- လက်ရှိစီးပွားရေးအခွင့်အလမ်းများ၊ သတင်းများအား စီစဉ်ဖော်ပြပေးခြင်း၊ update သတင်းများ ရယူနိုင်ခြင်း၊

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေထုတ်ပေးခြင်း

မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုရန်၊ အတိုးနှုန်းမြင့်မားမှုကို လျှော့ချရန်ရည်ရွယ်လျက် ငွေကျပ် (၅) ဘီလီယံကို အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် သို့ အမတော်ကြေးငွေကဲ့သို့ ချေးငွေထုတ်ပေးနိုင်ရေးကို နိုင်ငံတော်သမ္မတမှ မူအရ သဘောတူခဲ့ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၁.၇.၂၀၁၂) ရက်စွဲပါ အစည်းအဝေး အမှတ်စဉ် (၂၈ /၂၀၁၂) ၌အတည်ပြုခဲ့ပါသည်။

| | | |
|---|---|---|
| အတိုးနှုန်း | - | တစ်နှစ် ၈.၅% |
| ပြန်ဆပ်ရမည့်ကာလ | - | (၃) နှစ် |
| ပထမအကြိမ် | - | နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ငွေကျပ် (၅) ဘီလီယံကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ လုပ်ငန်းရှင် (၂၅) ဦး သို့ SME ချေးငွေများကို ထုတ်ပေးခဲ့ပါသည်။ |
| ဒုတိယအကြိမ် | - | မြန်မာနိုင်ငံအတွင်းရှိ SME လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန် ၂၀၁၃ ခုနှစ် အတွက် ငွေကျပ် (၅) ဘီလီယံအား ထပ်မံ ချပေးခဲ့ရာ နောက်ထပ် လုပ်ငန်းရှင် (၃၇) ဦး ကို ထပ်မံ ချေးပေးခဲ့ပါသည်။ |

| | | |
|---|---|---|
| ထုတ်ချေးပေးခဲ့သော လုပ်ငန်းအမျိုးအစားများ | - | စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဓာတ်သတ္တုပစ္စည်း ပြုပြင်ထုတ်လုပ်ရေး၊ စက်မှုလက်မှုသုံးကိရိယာ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု၊ အထွေထွေစက်မှုအလုပ်ရုံများ |
| တတိယအကြိမ် | - | (၆.၃.၂၀၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၄) သဘောတူညီချက် အရ ငွေကျပ် (၂၀) ဘီလီယံ ကို ထပ်မံထုတ်ယူခွင့် ရရှိခဲ့ပါ သည်။ အဆိုပါ ထပ်မံချေးငွေရရှိသည့် ငွေကျပ်(၂၀) ဘီလီယံ အား နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်များ သို့ခွဲဝေချထားပေးရာ လုပ်ငန်းအရေအတွက်များပြားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့တွင် ချေးငွေကျပ် (၂) ဘီလီယံစီနှင့် ကျန်နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁) ဘီလီယံစီခွဲဝေ သတ်မှတ်ပေးခဲ့ပါသည်။ |




## နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ချေးငွေထုတ်ချေးမှုဆိုင်ရာ ဆောင်ရွက်မှု အခြေအနေ (၃၀.၁၀.၂၀၁၅ ရက်ထိ)


| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကောင်စီ နယ်မြေ | SMIDB မှ ခွင့်ပြုပြီးလုပ်ငန်းရှင် | SMIDB မှ ထုတ်ချေးပြီး လုပ်ငန်းရှင် | ထုတ်ချေးပြီး ငွေပမာဏ (ကျပ်သိန်း) | ထုတ်ချေးရန် ကျန်ငွေပမာဏ (ကျပ်သိန်း) |
|---|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၂၀ | ၂၀ | ၅,၃၀၀ | ၄,၇၀၀ |
| ၂။ | ကယားပြည်နယ် | ၁၂ | ၁၂ | ၃,၇၀၀ | ၆,၃၀၀ |
| ၃။ | ကရင်ပြည်နယ် | - | - | - | ၁၀,၀၀၀ |
| ၄။ | ချင်းပြည်နယ် | ၁ | ၁ | ၂၀၀ | ၉,၈၀၀ |
| ၅။ | မွန်ပြည်နယ် | ၉ | ၉ | ၄,၇၀၀ | ၅,၃၀၀ |
| ၆။ | ရခိုင်ပြည်နယ် | ၂၄ | ၂၄ | ၆,၉၅၀ | ၃,၀၅၀ |
| ၇။ | ရှမ်းပြည်နယ် | ၉ | ၈ | ၃,၉၀၀ | ၁၆,၁၀၀ |
| ၈။ | စစ်ကိုင်းတိုင်း | ၅၁ | ၄၉ | ၁၅,၅၀၀ | ၄,၅၀၀ |
| ၉။ | တနင်္သာရီတိုင်း | ၉ | ၇ | ၂,၆၅၀ | ၇,၃၅၀ |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ကောင်စီ နယ်မြေ | SMIDB မှ ခွင့်ပြုပြီးလုပ်ငန်းရှင် | SMIDB မှ ထုတ်ချေးပြီး လုပ်ငန်းရှင် | ထုတ်ချေးပြီး ငွေပမာဏ (ကျပ်သိန်း) | ထုတ်ချေးရန် ကျန်ငွေပမာဏ (ကျပ်သိန်း) |
|---|---|---|---|---|---|
| ၁၀။ | ပဲခူးတိုင်း | ၄၇ | ၄၇ | ၈,၉၃၀ | ၁,၀၇၀ |
| ၁၁။ | မန္တလေးတိုင်း | ၄၉ | ၄၇ | ၉,၅၅၀ | ၁၀၄၅၀ |
| ၁၂။ | မကွေးတိုင်း | ၃၉ | ၃၇ | ၉,၁၂၅ | ၈၇၅ |
| ၁၃။ | ရန်ကုန်တိုင်း | ၃၃ | ၃၀ | ၁၀,၁၀၀ | ၉,၉၀၀ |
| ၁၄။ | ဧရာဝတီတိုင်း | ၄၆ | ၄၄ | ၁၁,၇၂၅ | ၈,၂၇၅ |
| ၁၅။ | နေပြည်တော် ကောင်စီ | ၂၀ | ၂၀ | ၈,၄၅၀ | ၁,၅၅၀ |
| | **စုစုပေါင်း** | ၃၆၉ | ၃၅၅ | ၁၀၀,၇၈၀ | ၉၉,၂၂၀ |

## ချေးငွေထောက်ပံ့ပေးမှုများ (၂၀၁၄ - ၂၀၁၅)

၂၀ ဘီလီယံ (ကျပ်) - ၃၅၅ ဦး

- ကချင်ပြည်နယ် - ၂၀ ဦး
- ကယားပြည်နယ် - ၁၂ ဦး
- ကရင်ပြည်နယ် - - ဦး
- ချင်းပြည်နယ် - ၁ ဦး
- မွန်ပြည်နယ် - ၉ ဦး
- ရခိုင်ပြည်နယ် - ၂၄ ဦး
- ရှမ်းပြည်နယ် - ၈ ဦး
- စစ်ကိုင်းတိုင်း - ၄၉ ဦး
- တနင်္သာရီတိုင်း - ၇ ဦး
- ပဲခူးတိုင်း - ၄၇ ဦး
- မန္တလေးတိုင်း - ၄၇ ဦး
- မကွေးတိုင်း - ၃၇ ဦး
- ရန်ကုန်တိုင်း - ၃၀ ဦး
- ဧရာဝတီတိုင်း - ၄၄ ဦး
- နေပြည်တော် - ၂၀ ဦး




1


(၃၁.၁၀.၂၀၁၅) ရက်နေ့အထိ လုပ်ငန်းရှင် (၃၅၅) ဦးအား (၁၀၀,၇၈၀) သိန်း ထုတ်ချေးပြီးဖြစ်၍ (၅၀%) ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

## ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း (တတိယအကြိမ်) ချေးငွေထောက်ပံ့ပေးမှုများကို Sector အလိုက် ဖော်ပြထားမှုအခြေအနေ

### ချေးငွေထောက်ပံ့ပေးမှုများ (၂၀၁၄ - ၂၀၁၅)

၂၀ ဘီလီယံ (ကျပ်) - ၃၅၅ ဦး


- ကချင်ပြည်နယ် - ၂၀ ဦး
- ကယားပြည်နယ် - ၁၂ ဦး
- ကရင်ပြည်နယ် - - ဦး
- ချင်းပြည်နယ် - ၁ ဦး
- မွန်ပြည်နယ် - ၉ ဦး
- ရခိုင်ပြည်နယ် - ၂၄ ဦး
- ရှမ်းပြည်နယ် - ၈ ဦး
- စစ်ကိုင်းတိုင်း - ၄၉ ဦး
- တနင်္သာရီတိုင်း - ၇ ဦး
- ပဲခူးတိုင်း - ၄၇ ဦး
- မန္တလေးတိုင်း - ၄၇ ဦး
- မကွေးတိုင်း - ၃၇ ဦး
- ရန်ကုန်တိုင်း - ၃၀ ဦး
- ဧရာဝတီတိုင်း - ၄၄ ဦး
- နေပြည်တော် - ၂၀ ဦး




## ချေးငွေရရှိနိုင်သည့်အဓိကသတ်မှတ်ချက်များ

- သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ မှ စီစစ်ပြီးသဘောထား မှတ်ချက်၊
- ထုတ်လုပ်မှုလုပ်ငန်းဖြစ်၍ လုပ်ငန်းတည်ထောင်လည်ပတ်လျက်ရှိခြင်း၊
- စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ခြင်း နှင့် ပုံမှန်သက်တမ်းတိုးပြီးဖြစ်ခြင်း၊
- ချေးငွေရယူရန် အပေါင်ပစ္စည်းရှိခြင်း၊

## ချေးငွေဆိုင်ရာဆောင်ရွက်ပေးသည့်လုပ်ငန်းစဉ်




## SMIDB အနေဖြင့် SME လုပ်ငန်းရှင်များချေးငွေရရှိရန်အတွက် ဘဏ်လုပ်ထုံး၊ လုပ်နည်းများ အား ဖြေလျှော့ပေးထားမှုအခြေအနေ

(က) ဘဏ်မှ ၈.၅% ဖြင့် ချေးငွေထုတ်ချေးရန်အတွက် အာမခံထားရှိသည့် မြေအား လန (၃၉) လက်ခံခြင်းမရှိသော်လည်း ယခု လန (၃၉) အား လက်ခံပေးခြင်း

(ခ) (၃ခ) ပုံစံတွင် (လယ်ယာမြေမဟုတ်ကြောင်း ထောက်ခံချက်) ပါရှိက လက်ခံပေးခြင်း၊

(ဂ) ချေးငွေထုတ်ချေးနိုင်ရန် အခွန်ပေးဆောင်ပြီးစီးမှု ပြေစာအား ယခင်(၃) နှစ် အတွက် တင်ပြမှသာ လက်ခံသော်လည်း ယခုအခါ (၁) နှစ် အတွက်သာ တင်ပြနိုင်ပါက လက်ခံပေးခြင်း၊

(ဃ) လုပ်ငန်းအရှုံးအမြတ်စာရင်းအား ယခင်ပြည်သူ့လက်မှတ်ရ စာရင်းကိုင်၏ ထောက်ခံချက်ဖြင့် ရေးဆွဲတင်ပြရန် လိုအပ်သော်လည်း ယခုအခါ SMIDB မှ သတ်မှတ် ပုံစံအတိုင်း (၁) နှစ် အတွက်သာရေးဆွဲတင်ပြရန် လိုအပ်ခြင်း၊

(င) SME ချေးငွေထုတ်ချေးရန်အတွက် အာမခံထားရှိမည့် လုပ်ငန်းရှင် အမည်ပေါက် မြေဂရန်သည် အနည်းဆုံးသက်တမ်း (၅) နှစ်ရှိပါက ဘဏ်မှ လက်ခံပေးခြင်း၊


(စ) SME ချေးငွေထုတ်ချေးခွင့်ပြုသည့် ကာလသည် (၃)နှစ် ဖြစ်သောကြောင့် အာမခံမြေဂရန် လက်ကျန်သက်တမ်း (၃)နှစ်မပြည့်ပါက ယခင်ကဘဏ်မှ

လက်မခံပါ ၊ ဖြေလျှော့ပြီး နောက်ပိုင်း (၁)နှစ်သက်တမ်းတိုးခွင့်ပြုကြောင်း သက်ဆိုင်ရာဌာန၏ ထောက်ခံစာ ပူးတွဲပါရှိပါက ဘဏ်မှလက်ခံပေးခြင်း၊

## SME လုပ်ငန်းရှင်များချေးငွေလျှင်မြန်စွာရရှိရေးအတွက် ဆောင်ရွက်ပေးမှုများ

- နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များသို့ချေးငွေများ မြန်ဆန်စွာ ထုတ်ချေးပေးနိုင်ရန် SME ဌာနမှ အရာထမ်းများဖြင့် ရာဖြတ်စစ်ဆေးရာတွင် ကူညီစိစစ်ပေးနိုင်ရေးအတွက် SMIDB မှရာဖြတ် သင်တန်းကို(၂၀.၇. ၂၀၁၅)မှ(၃၀.၇. ၂၀၁၅) ရက်နေ့အထိ ဖွင့်လှစ်ပေးခဲ့ရာ SME ဌာနမှအရာထမ်း (၃၅) ဦး တက်ရောက်ခဲ့ခြင်း၊
- ရာဖြတ်သင်တန်းတက်ရောက်ပြီးသော SME ဌာနမှအရာထမ်းများသည် SMIDB မှ ရာဖြတ်စစ်ဆေးခြင်းလုပ်ငန်းတွင် ပိုမိုလျှင်မြန်နိုင်စေရေး အတွက် နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကူညီဆောင်ရွက်ပေးလျက်ရှိခြင်း၊

## SME များငွေကြေးအရင်းအမြစ်နှင့် ငွေကြေးစီမံခန့်ခွဲမှုနည်းပညာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သော အဖွဲ့အစည်းများ



## SME လုပ်ငန်းရှင်များဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အသိအမြင်ဗဟုသုတများ ရလျက် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် ပံ့ပိုးဆောင်ရွက်မှုများ

- ထိုင်းနိုင်ငံ Kasikorn SME Bank နှင့် SME Development Center တို့ ပူးပေါင်းကျင်းပသည့် Financial Management Workshop ကို ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ SME လုပ်ငန်းရှင် (၆၀) ဦး နှင့် ဌာနဆိုင်ရာများ ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ခြင်း၊








- Building Markets နှင့် Financial Management Training များ ပူးပေါင်းကျင်းပပေးခဲ့ခြင်း၊

- Financial Management
- Financial Accounting System
- Cash Flow Management
- Financial Ratio Analysis for Management

- ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေးဦးစီးဌာန နှင့် ထိုင်းနိုင်ငံ Kasikorn Bank တို့ ပူးပေါင်းကျင်းပသည့် SME Capacity မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ SME လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအပါအဝင် စုစုပေါင်း (၃၁) ဦး တက်ရောက် ခဲ့ခြင်း၊




- British Council နှင့် Stardard Charter Bank တို့ ပူးပေါင်းကျင်းပသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ သင်တန်းအကြိုဆွေးနွေးပွဲသို့ SME လုပ်ငန်းရှင် (၁၇၀) ဦး၊ ဝန်ထမ်း(၁၉) ဦး၊စုစုပေါင်း (၁၈၉) ဦး တက်ရောက်ခဲ့ခြင်း၊





## အာဆီယံ အသေးစားနှင့်အလတ်စားလုပ်ငန်းများ အေဂျင်စီအဖွဲ့နှင့် ဒေသတွင်း Program များ၌ ပူးပေါင်းဆောင်ရွက်မှုများ

အာဆီယံနိုင်ငံများ၌ အလှည့်ကျကျင်းပလျက်ရှိသော ASEAN SMEWG Meeting နှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ SME များဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်များကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။


- မြန်မာနိုင်ငံမှ(၃၂) ကြိမ်နှင့် (၃၃) ကြိမ်မြောက် ASEAN SMEWG အစည်းအဝေးများတွင်လည်း အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊
- အာဆီယံ မှ သဘောတူထားသည့် ASEAN Strategic Action Plan နှင့် မဟာ ဗျူဟာအစီအစဉ်များအရ ဒေသတွင်း အသေးစား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အာဆီယံ နိုင်ငံများနှင့်ပူးပေါင်းနိုင်ရန်တို့ကို ဆောင်ရွက်လျက်ရှိခြင်း






- ASEAN SMEWG ၏ ASEAN Strategic Action Plan နှင့် ASEAN Blue Print ပါစီမံကိန်းများဖြစ်သော SME များ အတွက် ငွေကြေးကဏ္ဍ၊ နည်းပညာနှင့် သတင်းအချက်အလက် ရရှိမှု၊ လူ့စွမ်းအားမြှင့်တင်ရေး၊SME မြှင့်တင်ရေးလုပ်ငန်းစဉ်များကို ASEAN ၏ သတ်မှတ်ထားသော စီမံကိန်းများ အတိုင်းပါဝင်ခြင်း
- ASEAN Follow-up Action ကိုလည်း မြန်မာနိုင်ငံအတွင်း ပြန်လည် အကောင် အထည်ဖော်လျက်ရှိခြင်း
- SME ဖွံ့ဖြိုးရေးအစီအစဉ်များကို အာဆီယံနိုင်ငံများနှင့်သာမက နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း
- SME လုပ်ငန်းများ၏ တီထွင်ဖန်တီးတတ်မှုစွမ်းရည်နှင့် ကုန်ထုတ်လုပ်မှု မြင့်မားစေရန်၊ အာဆီယံနိုင်ငံများတွင်စီးပွားရေးပညာရပ်ဆိုင်ရာကွန်ယက် (Business Academia Net-working) မှတစ်ဆင့် Incubation Center များ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကိုအားကောင်းစေရေး ဆောင်ရွက်မှုများတွင် ပါဝင်ခြင်း
- ပြောင်းလဲတိုးတက်နေသောကမ္ဘာ့စီးပွားရေးအတွင်း မြန်မာ SME များကို လိုက်ပါနိုင် စေရန် အတွက်စက်မှုဝန်ကြီးဌာနမှ Incubation Center တည်ထောင်ရန် ဆောင်ရွက် လျက်ရှိခြင်း



## ASEAN Project Team နှင့် Incubator Project အတွက်ညှိနှိုင်းခြင်း

- (၃၂)ကြိမ်မြောက် ASEAN SMEWG Meeting ၏ Follow-up action အရ မြန်မာနိုင်ငံ အတွင်းရှိ Incubation Center များ မြှင့်တင်ရေးနှင့် SMEs များသို့ နည်းပညာ လွှဲပြောင်းပံ့ပိုးနိုင် ရေး အတွက် Strengthening on SME Business And Technology Incubation Center Project စီမံကိန်း အကောင် အထည်ဖော်ရန် Project Team အဖွဲ့သည် SME Development Center မှတာဝန်ရှိသူများနှင့်ညှိနှိုင်းခြင်းနှ
- Strengthening on SME Business And Technology Incubation Center Project စီမံကိန်း အကောင်အထည်ဖော်ရန် Project Team အဖွဲ့သည် မြန်မာ နိုင်ငံ မှ စားရင်း ပေးထားသော Incubatorများအနက် ရန်ကုန် နည်းပညာ တက္ကသိုလ် ရှိ Facilities များ အား သွားရောက်လေ့လာအကဲဖြတ်ခြင်း၊ Incubator Level သတ်မှတ်ခြင်း နှင့် Incubator ဆိုင်ရာ နည်းပညာများ ဆွေးနွေးခြင်း၊







(၃၂)ကြိမ်မြောက် ASEAN SMEWG Meeting ၏ Follow-up Action အရ Improving the Rural Living Condition through One Village One Product (OVOP) Movement" အစီအစဉ်အရ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း နှင့် ဧရာဝတီတိုင်းတို့ရှိ လုပ်ငန်းများ၊ သမဝါယမ အသင်းများသို့ သွားရောက် လေ့လာခဲ့ပြီး၊၎င်းလုပ်ငန်းများ၏ ဈေးကွက်ရရှိရေး၊ နည်းပညာ ရရှိရေး တို့ကို စီစဉ်ဆောင်ရွက် ပေးနိုင်ခဲ့ပါ သည်။ အခြားသော ကျေးလက်ဒေသများ ရှိ SME လုပ်ငန်းများအတွက် အာဆီယံ (၁၀) နိုင်ငံ၏ အလေ့အထကောင်းများကို နည်းနာယူ၍ ဆောင်ရွက်နိုင်ရန် OVOP Guide Book ကိုလည်းထုတ်ဝေနိုင်ခဲ့ပါသည်။





(၃၅) ကြိမ်မြောက် ASEAN SMEWG Meeting ၏ Follow-up Action အရ ဂျပန်နိုင်ငံမှ ASIA SEED နှင့် ပူးပေါင်းပြီး အာဆီယံဒေသတွင်း SMEs များ၏ တီထွင်ဖန်တီးတတ်မှု စွမ်းရည်မြင့်မားစေရန်၊ စီးပွားရေးဆိုင်ရာ ကွန်ယက်မှ တဆင့် SMEs များ၏ လုပ်ငန်းဆောင်ရွက်ချက်များ အားကောင်းလာစေရန်ရည်ရွယ်၍ "BORN ASEAN Project" ကို အာဆီယံနိုင်ငံများ၌ လှည့်လည် ကျင်းပပြုလုပ်ခဲ့ပါသည်။





- Japan ASIAN SEED နှင့် ပူးပေါင်း၍ ASEAN Incubator Network Project တွင်ပါဝင်ဆောင်ရွက်ခြင်း (ထိုင်းနိုင်ငံ)
- Japan ASIAN SEED နှင့် ပူးပေါင်း၍ ASEAN Incubator Network Project ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆောင်ရွက်ခြင်း (ဖိလစ်ပိုင်နိုင်ငံ)





- Japan ASIAN SEED နှင့် ပူးပေါင်း၍ ASEAN Incubator Network Project တွင်ပါဝင်ဆောင်ရွက်ခြင်း (ထိုင်းနိုင်ငံ)
- Japan ASIAN SEED နှင့် ပူးပေါင်း၍ ASEAN Incubator Network Project Pretraining ကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့ခြင်း (မြန်မာနိုင်ငံ)






- Japan ASIAN SEED နှင့် ပူးပေါင်း၍ Strategy Development Program ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့ခြင်း (မြန်မာနိုင်ငံ)





- Japan ASIAN SEED နှင့် ပူးပေါင်း၍ International Partnership Program ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့ခြင်း (မြန်မာနိုင်ငံ)





## နည်းဗျူဟာနှင့် စီမံကိန်းများကိုရေးဆွဲနိုင်ရန် စက်မှုလုပ်ငန်းနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များကောက်ခံပြုစုခြင်း

အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာမူဝါဒ နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရေးတွင် အခြေခံထည့်သွင်းစဉ်စားရမည့် အသေးစားနှင့် အလတ်စား လုပ်ငန်း အရေအတွက်၊ လုပ်ငန်း အမျိုးအစား၊ အရွယ်ပမာဏ၊ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုတန်ဖိုး၊ လျှပ်စစ်သုံးစွဲမှု၊ ကုန်ကြမ်းတင်သွင်းမှုနှင့် ကုန်ချောတင်ပို့မှုစသည့် အချက်အလက်များ ကောက်ခံရရှိရန် လိုအပ်ပါသည်။

၎င်းအပြင် အသေးစားနှင့် အလတ်စားများအား Informal Sector မှ Formal Sector သို့ ရောက်ရှိရေးမှာ အရေးကြီးသည့်အတွက် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ် များရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံးခွဲများမှ SME Member List (ယာယီ) ဖြင့် စနစ်တကျ ကောက်ခံလျက် SME ဥပဒေတွင် ပါရှိသည့် SME Defination အတိုင်း စာရင်းသွင်းခြင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ပုဂ္ဂလိက စက်မှု လုပ်ငန်း များ၊ အခြားဌာနများတွင် မှတ်ပုံတင်ထားသည့် လုပ်ငန်းစာရင်းများအား စုစည်းလျက် Data Collection ပြုလုပ်လျက်ရှိပါသည်။

# တိုင်းဒေသကြီး/ပြည်နယ်/ကောင်စီနယ်မြေများအလိုက်

## (၃၁.၈.၂၀၁၅) ရက်နေ့အထိ DISI နှင့် အခြားဝန်ကြီးဌာနများတွင် မှတ်ပုံတင်ထားသော လုပ်ငန်းများစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကောင်စီ | DISI တွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများစာရင်း | | | | SME Law အရ မှတ်ပုံတင်ပြီး စက်မှုလုပ်ငန်းများ စာရင်း | | | DISI တွင် မှတ်ပုံမတင်ရသေးသည့် လုပ်ငန်းများအား SME Member စာရင်း ကောက်ယူခြင်း | | | DISI အောက်ရှိ SME Dept: တွင် SME Member ဝင်ပြီးသော လုပ်ငန်းစုစုပေါင်း | | | အခြားဌာနများ၌ မှတ်ပုံတင်ထားသည့် လုပ်ငန်းများ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ငယ် | လတ် | ကြီး | စုစုပေါင်း | ငယ် | လတ် | စုစုပေါင်း | ငယ် | လတ် | စုစုပေါင်း | ငယ် | လတ် | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆=၃+၄+၅ | ၇ | ၈ | ၉=၇+၈ | ၁၀ | ၁၁ | ၁၂=၁၀+၁၁ | ၁၃ | ၁၄ | ၁၅=၁၃+၁၄ | ၁၆ | ၁၇ |
| ၁။ | ကချင် | ၁၁၀၆ | ၁၅၁ | ၄၅ | ၁၃၄၂ | ၁၃၃၈ | ၂ | ၁၃၄၀ | ၅ | - | ၅ | ၁၃၄၃ | ၂ | ၁၃၄၅ | ၃၃၉၃ | ၃၁.၈.၂၀၁၅ ရက်နေ့ အထိ DISI တွင်မှတ်ပုံတင်ထားသော လုပ်ငန်း များမှာ (၄၄၇၉၂) ခု ရှိသော် လည်း (၄၄၅၈၅) ခုသာ အကျုံးဝင်ပြီး (၂၀၇) ခုမှာ အကြီးစားလုပ်ငန်းဖြစ်ပါသည် |
| ၂။ | ကယား | ၁၀၇ | ၂၈၈ | ၁၆ | ၄၁၁ | ၄၁၁ | - | ၄၁၁ | ၃၀ | - | ၃၀ | ၄၄၁ | - | ၄၄၁ | ၂၁၁၇ | |
| ၃။ | ကရင် | ၇၃၈ | ၉၀ | ၉၉ | ၉၂၇ | ၉၂၂ | ၅ | ၉၂၇ | ၁၀ | - | ၁၀ | ၉၃၂ | ၅ | ၉၃၇ | ၂၉၅၁ | |
| ၄။ | ချင်း | ၆၉၄ | ၇ | ၅ | ၇၀၆ | ၇၀၆ | - | ၇၀၆ | ၃၀ | - | ၃၀ | ၇၃၆ | - | ၇၃၆ | ၄၆၈ | |
| ၅။ | စစ်ကိုင်း | ၂၉၉၅ | ၈၄၄ | ၃၀၁ | ၄၁၄၀ | ၄၁၃၉ | ၁ | ၄၁၄၀ | ၂၅ | - | ၂၅ | ၄၁၆၄ | ၁ | ၄၁၆၅ | ၆၂၀ | |
| ၆။ | တနင်္သာရီ | ၁၁၇၄ | ၁၁၉ | ၁၅၃ | ၁၄၄၆ | ၁၄၂၃ | ၂၂ | ၁၄၄၅ | ၂၇၃ | - | ၂၇၃ | ၁၆၉၆ | ၂၂ | ၁၇၁၈ | ၁၄၇၇၈ | |

| စဉ် | တိုင်းဒေသကြီး ပြည်နယ်/ ကောင်စီ | DISI တွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများစာရင်း | | | | SME Law အရ မှတ်ပုံတင်ပြီး စက်မှုလုပ်ငန်းများ စာရင်း | | | DISI တွင် မှတ်ပုံမတင် ရသေးသည့် လုပ်ငန်းများအား SME Member စာရင်း ကောက်ယူခြင်း | | | DISI အောက်ရှိ SME Dept: တွင် SME Member ဝင်ပြီးသော လုပ်ငန်းစုစုပေါင်း | | | အခြား ဌာနများ၌ မှတ်ပုံတင် ထားသည့် လုပ်ငန်းများ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သေး | လတ် | ကြီး | စုစုပေါင်း | သေး | လတ် | စုစုပေါင်း | သေး | လတ် | စုစုပေါင်း | သေး | လတ် | စုစုပေါင်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆=၃+၄+၅ | ၇ | ၈ | ၉=၇+၈ | ၁၀ | ၁၁ | ၁၂=၁၀+၁၁ | ၁၃ | ၁၄ | ၁၅=၁၃+၁၄ | ၁၆ | ၁၇ |
| ၁။ | မွန် | ၁၇၉၄ | ၂၇၂ | ၁၃၁ | ၂၁၉၇ | ၂၁၉၆ | ၁ | ၂၁၉၇ | ၅၀ | - | ၅၀ | ၂၂၄၆ | ၁ | ၂၂၄၇ | ၂၀၀၃၃ | ၃၁.၈.၂၀၁၅ ရက်နေ့ အထိ DISI တွင်မှတ်ပုံတင် ထားသော လုပ်ငန်း များမှာ (၄၄၇၉၂) ခု ရှိသော် လည်း (၄၄၅၈၅) ခုသာ အကျုံးဝင်ပြီး (၂၀၇) ခုမှာ အကြီးစားလုပ် ငန်းဖြစ်ပါသည် |
| ၂။ | ရခိုင် | ၁၉၂၀ | ၁၁၆ | ၆၂ | ၂၀၉၉ | ၂၀၈၈ | ၁၁ | ၂၀၉၉ | ၉ | - | ၉ | ၂၀၉၇ | ၁၁ | ၂၁၀၈ | ၃၄၀၄ | |
| ၃။ | ရန်ကုန် | ၁၉၂၀ | ၁၈၃၈ | ၂၃၈၇ | ၆၁၄၅ | ၅၅၄၈ | ၄၄၅ | ၅၉၉၃ | ၉၃ | ၅ | ၉၈ | ၅၆၄၁ | ၄၅၀ | ၆၀၉၁ | ၄၇၇၆၈ | |
| ၄။ | ရှမ်း | ၂၉၈၃ | ၄၉၅ | ၂၂၂ | ၃၇၀၀ | ၃၄၇၆ | ၂၀၆ | ၃၆၈၂ | ၄၈ | - | ၄၈ | ၃၅၂၄ | ၂၀၆ | ၃၇၃၀ | ၁၁၇၄၄ | |
| ၅။ | ဧရာဝတီ | ၄၇၅၂ | ၆၁၃ | ၅၂၅ | ၅၈၉၀ | ၅၈၇၅ | ၉ | ၅၈၈၄ | ၃၃ | - | ၃၃ | ၅၉၀၈ | ၉ | ၅၉၁၇ | ၁၀၇၈ | |
| ၆။ | နေပြည်တော် | ၃၄၄ | ၁၅၅ | ၁၀၄ | ၆၀၃ | ၆၀၀ | ၂ | ၆၀၂ | ၄၁ | - | ၄၁ | ၆၄၁ | ၂ | ၆၄၃ | ၄၀၇၇ | |
| | **စုစုပေါင်း** | ၃၀၃၄၇ | ၈၇၂၉ | ၅၇၁၆ | ၄၄၇၉၂ | ၄၃၈၄၄ | ၇၄၀ | ၄၄၅၈၅ | ၂၁၀၉ | ၅ | ၂၁၁၄ | ၄၅၉၁၃ | ၇၄၆ | ၄၆၆၉၉ | ၁၃၄၄၄၅ | |

## နိဂုံး

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ၊ လုပ်ငန်းကော်မတီ၏ အမြော်အမြင်ကြီးစွာဖြင့်လမ်းညွှန်ခြင်း၊ အကောင်အထည်ဖော်နိုင်ရေးအစီအစဉ်များကို ချမှတ်ပေးခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းများကြောင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်ရေးဌာနသည် ပြည်သူလူထု၊ SME လုပ်ငန်းရှင်များကို တိုက်ရိုက် ထိတွေ့၍ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ရင်ဆိုင်တွေ့ကြုံနေရသည့် အဓိကအဟန့်အတားနှင့် အခက်အခဲများကို လျော့နည်းစေခြင်းနှင့် ကူညီပံ့ပိုး ပေးရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အခက်အခဲများကို ကျော်လွှားနိုင်စေရန်အတွက် ချေးငွေများအား တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ခွဲဝေချထားပေးခြင်းများ၊ နည်းပညာ လွှဲပြောင်းပေးခြင်းများ၊ နိုင်ငံတကာမှလုပ်ငန်းများနှင့် ချိတ်ဆက်ပေးခြင်းများ၊ စီးပွားရေးလုပ်ငန်းများ လွယ်ကူစွာလုပ်ကိုင်နိုင်ရေးနှင့် အခွင့်ထူးများခံစားခွင့်များရရှိနိုင်ရန် အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်ရေးဥပဒေ ပြဋ္ဌာန်းပေးခြင်းနှင့် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ၂၀၁၂ ခုနှစ်မှ စတင်၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၃နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ် ပါသည်။

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ဝင်ငွေတိုးတက်ရရှိစေပြီး၊ လူနေမှုအဆင့်အတန်းတိုးတက် မြင့်မားလာစေရန်အတွက် အဓိကတွန်းအားဖြစ်သည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ဖော်ဆောင်ရွက်ပေးမည့် အခြေခံအုတ်မြစ်ကောင်းများချမှတ်ပြီးဖြစ်ခြင်း၊ အကောင်အထည်ဖော် ဆောင်

ရှက်မည့် Infrastructure များနှင့် Institution များကို မြှင့်တင်ဆောင်ရွက် လျက်ရှိခြင်းတို့ကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်မြှင့်မားလာမည်မှာ ဧကန်ဖြစ်ပါကြောင်း တင်ပြ အပ်ပါသည်။



## SME ဥပဒေသစ် ပြဋ္ဌာန်းနိုင်ခြင်းနှင့် စီးပွားရေးဆိုင်ရာမူဝါဒများ ပြုပြင်ပြောင်းလဲခြင်း

ယခင်က SME ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်မည့် ဥပဒေများ၊ မူဝါဒများနှင့် အစီအမံများ မရှိခဲ့သဖြင့် SME များမှာ ကိုယ်ပိုင်အင်အားဖြင့်သာ ရပ်တည်ခဲ့ရပါသည်။

ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နှစ် (၂၀) National Conprehensive Development Plan တွင် ပါဝင်သော ပထမ (၅) နှစ်စီမံကိန်းပါအတိုင်း SME ဖွံ့ဖြိုးတိုးတက်ရေးကို ပထမ ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်၍ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ပံ့ပိုးပေးနိုင်ရေး အတွက် SME Economic Development Law ကိုလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်း နိုင်ခဲ့ပါသည်။

ရှိနေသည့် စီးပွားရေးဆိုင်ရာ မူဝါဒများမှာလည်း အားနည်းချက်များ ရှိနေခြင်း၊ လက်တွေ့အခြေအနေ၏ အားသာချက်၊ အားနည်းချက်များ အပေါ် အခြေမခံခြင်း၊ စီးပွားရေးနှင့် ပတ်သက်သည့် Stastic data များ အားနည်းခြင်း၊ စီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ မျှော်မှန်းချက်များ မသတ်မှတ်ထားခြင်းများကြောင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုမှာ ပုံမှန်တိုးတက်မှု မရှိလာဘဲ Potential များ အရသာ အလိုက် သင့်ပြောင်းလဲခဲ့ ပါသည်။ ယခုအခါ International အဖွဲ့အစည်းများ နှင့် ပူးပေါင်းလျက် မြန်မာနိုင်ငံ၏ အခြေအနေ၊ နိုင်ငံတကာ၏ လိုလားချက်၊ အတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်နိုင်မှု တို့ကို အခြေခံလျက် နိုင်ငံ၏ စီးပွားရေး မူဝါဒအသစ်များ ရေးဆွဲခြင်း၊ ခေတ်မမီတော့သည့် ဥပဒေများအား ပြုပြင် ပြောင်းလဲ ပြဋ္ဌာန်းခြင်း၊ Ease of Doing Business ဖြစ်စေရန် နှင့် စီးပွားရေးဝန်းကျင်ကောင်း ဖြစ်လာစေရန် ဖြေလျော့ ပေးခြင်းများစွာကို ဆောင်ရွက် နိုင်ခဲ့ပါသည်။

ငွေကြေး စီဆင်းမှု မှန်ကန်စေရန်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာစေရန်၊ နိုင်ငံခြား လဲလှယ်မှုနှုန်း အတည်ပြုသတ်မှတ်ခြင်း၊ Import Export Licen များတွင် ကန့်သတ်မှုများကို ဖြေလျော့ခြင်း၊ Supply Chain ကောင်းမွန်လာရေးနှင့် Infrastructure များ တိုးတက်ရေးကို အလေးထားဆောင်ရွက်ခြင်း၊ Business Development Service များနှင့် Institution များ တိုးတက်များပြား လာရေးအတွက် မူဝါဒနှင့်အညီ အလွယ်တကူ ခွင့်ပြုပေးခြင်းနှင့် အားပေးခြင်း၊ စီးပွားရေး အမျိုး အစားအလိုက် လုပ်ငန်း ချိတ်ဆက် ဆောင်ရွက်ပေးနိုင်ရန် အသင်းအဖွဲ့များနှင့် Cluster အစု အဖွဲ့များ ဖွဲ့စည်းရေးတို့ကို အားပေးမြှင့်တင်ခဲ့ပါသည်။

အသေးစားနှင့် အလတ်စား လုပ်ငန်းများသည် အသုံးပြုနေသော စက်ပစ္စည်းများမှ ခေတ်မမီတော့သည့်အတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် ထုတ်လုပ်မှု အရေအတွက်နှင့် အရည်အသွေး ကျဆင်းခြင်းများ ရှိနေပြီး၊ ပြည်နယ် နှင့် တိုင်းဒေသကြီးများတွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲများ၌ ၎င်းတို့၏ အခက်အခဲများကို ဆွေးနွေးတင်ပြခွင့် ရရှိခဲ့ပါသည်။ တာဝန်ရှိ ပုဂ္ဂိုလ်များမှ သက်ဆိုင်ရာ ဌာနများသို့ အခက်အခဲများကို ဖြေရှင်းရန် တင်ပြနိုင်သဖြင့် ယခင်က ခွင့်မပြု ခဲ့သည့် Used Machine တင်သွင်း ခွင့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ပထမ စမ်းသပ်ကာလအဖြစ် (၁.၁.၂၀၁၅) ရက်မှ (၃၁.၁၂.၂၀၁၅) ရက်နေ့အထိ သတ်မှတ် ခွင့်ပြုခဲ့ ပါသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ စက်မှုလက်မှု ထုတ်ကုန်များ အတွက် ကြိမ်၊ ဝါးကုန်ကြမ်းရရှိရန် အခက်အခဲရှိနေသဖြင့် သစ်တော ဦးစီးဌာန နှင့် ညှိနှိုင်း၍ အဟန့်အတားဖြစ်နေသော မူဝါဒဆိုင်ရာ ဖြေလျော့မှု ဆောင်ရွက်ပေးနိုင်သဖြင့်ကျေးလက် နေပြည်သူများ၏အလုပ် အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေရရှိရေးကို အခြေခံကျကျ ဖြေရှင်း ပေးနိုင်ခဲ့ပါသည်။

ယခင်က သစ်များကို အလုံးလိုက် နိုင်ငံခြားသို့ တင်ပို့ခွင့်ပြုရာမှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာရေးနှင့်

သယံဇာတများ မျှဝေသုံးစွဲ နိုင်ရေး တို့အတွက် Procession ပြုလုပ်ပြီး Product များကိုသာ နိုင်ငံခြားသို့ တင်ပို့ ခွင့်ရှိခြင်း စသည့် စီးပွားရေး ဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်တိုးတက်ခဲ့ပါသည်။















## GIZ ၏ အထောက်အပံ့ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း ပလောင်ဒေသတွင် လက်ဖက်နှင့် သရက် Supply Chain မြှင့်တင်နိုင်ခြင်းနှင့် ခေတ်မီ လက်ဖက် စက်ရုံအောင်မြင်စွာတည်ထောင်နိုင်ခြင်း

ဂျာမနီနိုင်ငံ၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၊အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဂျာမနီနိုင်ငံ၊ GIZ အဖွဲ့ အစည်းသည် "Adapting agriculture value chains to climate change in Shan State Project" ကို ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။



ရှမ်းပြည်နယ်ရှိ လက်ဖက်စိုက် တောင်သူများ ကြုံတွေ့နေရသော ရာသီဥတု အပြောင်းအလဲနှင့်အညီ ခေတ်မီ စိုက်ပျိုးနည်းများ၊ ထုတ်လုပ်မှု နည်းစဉ်များဖြန့်ဝေပေးရန်၊ ခေတ်မီ လက်ဖက်စက်ရုံ တည်ထောင်နိုင်ရန်နှင့် ဈေးကွက်ရှာဖွေပေးရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အဆိုပါ စီမံကိန်းကို ၂၀၁၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ GIZ ၏အထောက်အပံ့ဖြင့် Myanmar Tea Cluster၊ Pindaya Tea Cluster ၊ သစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချ သူများအသင်းတို့ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်းရှိ လက်ဖက်စိုက် တောင်သူလူငယ်များ စီမံကိန်းတွင် ပူးပေါင်းလာစေရန် အားပေး လှုံ့ဆော်ခဲ့ကြပါသည်။



အကျိုးရလာဒ်အားဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ခေတ်မီ လက်ဖက်စက်ရုံကို စတင်တည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ



တွင် စက်တပ်ဆင်ခြင်းလုပ်ငန်းများ ကို အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါစက်ရုံမှတနေ့လျှင် အရည်အသွေးမြင့် လက်ဖက် တန်ချိန် ၅၀ ပိဿာ (၈၀ ကီလိုဂရမ်) ထုတ်လုပ်နိုင်ပြီး လက်ဖက်စိုက် တောင်သူ မိသားစုများကို များစွာအကျိုးပြု လျက်ရှိပါသည်။

## ကမ္ဘာဈေးကွက်တွင် မြန်မာသရက်သီးများတင်ပို့ရောင်းချနိုင်ရေးကြိုးပမ်းမှု



"Adapting agriculture value chains to climate change in Shan State Project" အရ ရှမ်းပြည်နယ်ရှိ



သရက်သီးစိုက် တောင်သူများထံသို့ သီးလုံး ဖောက်ပိုး ကျရောက်မှုမှ ကာကွယ်နိုင်သည့် စိုက်ပျိုးရေး ဆိုင်ရာ



နည်းပညာများ ဖြန့်ဝေပေး ရန်၊ ဈေးကွက်သို့ တင်ပို့ရာတွင် ခေတ်မီ ထုတ်ပိုးမှုစနစ်များ ဖြန့်ဖြူးပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် GIZ ၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ် အစိုးရ အဖွဲ့နှင့် သရက်သီး စိုက်တောင်သူများ ပူးပေါင်း၍ ကမ္ဘာ ဈေးကွက်တွင် မြန်မာ သရက်သီးများ တင်ပို့ရောင်းချနိုင်ရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိ ပါသည်။

GIZ ၊ သစ်သီးဝလံ ပန်းမာန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ ရွှေပုဇွန်ကုမ္ပဏီနှင့် အခြားသော သရက်စိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီများပူးပေါင်း၍ " Mango Festival

2015" ကို ၂၀၁၅ ခုနှစ် မေလ (၂၃)ရက်နေ့မှ (၂၅) ရက်နေ့ထိ ရန်ကုန်မြို့ တွင် ကျင်းပခဲ့ရာ စိတ်ပါဝင်စားသူ ၅၀၀၀ ကျော် တက်ရောက် လေ့လာခဲ့ကြ ပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် အနံ့အရသာနှင့် ပြည့်စုံသော သရက်သီးများကို နိုင်ငံတကာမှ နှစ်ခြိုက်ကြသဖြင့် လုပ်ငန်းရှင်အချို့ ကမ္ဘာ့စျေးကွင်းသို့ ချိတ်ဆက်တင်ပို့နိုင်ခဲ့ပါသည်။

## UNIDO ၏ အထောက်အပံ့ဖြင့် ပုဂံဒေသ ယွန်းထည်လုပ်ငန်း တိုးတက်မှု အစုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်လာခြင်း



ပုဂံမြို့မြင်းကပါရွာတွင် Cluster ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့နှင့် UNIDO တို့ ပူးပေါင်းလျက် ယွန်းထည်လုပ်ငန်း အစုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ စုဖွဲ့ဆောင်ရွက်ခြင်းကြောင့် ဝါးကုန်ကြမ်း ပစ္စည်းကို ယွန်းထည်လုပ်ငန်းရှင်များ အစုအဖွဲ့ဖြင့် စုပေါင်းဝယ်ယူနိုင်ခဲ့သဖြင့် တစ်ဦးချင်းဝယ်ယူမှုထက် ကုန်ကြမ်းဝယ်ယူမှုစရိတ် ၅၀% လျော့နည်း သက်သာခဲ့ရာ အမြတ်အစွန်း ပိုမိုရရှိခဲ့ ပါ သည်။ ထို့ပြင် UNIDO နှင့် Cluster ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ တို့ ပူးပေါင်းလျက် ယွန်းထည် ပစ္စည်း ထုတ်လုပ်ရေးဆိုင်ရာ လိုအပ်သည့် နည်းပညာ၊ ဒီဇိုင်းလုပရေးနှင့်ထုတ်ကုန် အမယ်သစ် များ ဆန်းသစ်တီထွင် ထုတ်လုပ် နိုင်ရေးဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပေးခဲ့သဖြင့် SME များ၏ အရည်အသွေးပိုင်းဆိုင်ရာကို မြှင့်တင်ပေးနိုင်ခဲ့သည်။


GLOBAL NEW LIGHT OF MYANMAR Tuesday, 21 October, 2014 | 9

GALLERY

**President U Thein Sein tours Museum of Oriental Art, Royal Palace of Venaria in Turin, Italy**

*President U Thein Sein opens booth of Myanmar handicraft fair at Museum of Oriental Art in Turin.—MNA*

UNIDO မှ ယွန်းထည် Cluster ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ယွန်းထည်များ အီတလီနှင့် ဥရောပဈေးကွက်သို့ရောက်ရှိနိုင်ရန်အတွက် အီတလီနိုင်ငံ၊ တူရင်မြို့၊ စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍တူရင်မြို့ရှိ Museum of Oriental Art တွင် ယွန်းထည်ပြပွဲ တစ်ရပ်ကို ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်နေ့တွင် ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အီတလီ နိုင်ငံတူရင်မြို့၊ ဒုတိယမြို့တော်ဝန် မှ တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် နိုင်ငံတကာ အတွေ့အကြုံများကို SME များ လေ့လာနိုင်ခဲ့ပါသည်။

## အရည်အသွေး ကောင်းမွန်သော လက်ဖက်ခြောက်များ ပြည်ပသို့ ပို့မှန်တင်ပို့ နိုင်ခြင်း



မိုးကုတ်မြို့မှ လက်ဖက်စိုက်ပျိုး ထုတ်လုပ်သော SME လုပ်ငန်းရှင် တစ်ဦး ဖြစ်သော Arrow Brother ကုမ္ပဏီပိုင်ရှင် ဦးခေါ်ထူးသည် လက်ဖက်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရာ ၄င်း၏ လက်ဖက် အရည်အသွေး မမှီသောကြောင့် စာချုပ် များ ပျက်ပြယ်၍ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပါသည်။ ၂၀၁၂ ခုနှစ်တွင် SMEs Development Department သို့ ရောက်ရှိလာပြီး လက်ဖက် စိုက်ပျိုးရေးနည်းပညာကို လာရောက် အကူ အညီတောင်းခံခဲ့ပါသည်။

SME ဌာန၏ ပံ့ပိုးကူညီမှုဖြင့် နယ်သာလန်နိုင်ငံ၏ PUM Netherlands Senior Experts အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်သည် (၁၄.၁၁.၂၀၁၃) ရက်နေ့မှ (၂၈.၁၁.၂၀၁၃) ရက်နေ့ အထိ Arrow Brother ကုမ္ပဏီပိုင် မိုးကုတ်မြို့ လက်ဖက် စိုက်ခင်း၌ လက်ဖက် စိုက်ပျိုး ခူးဆွတ်မှု နည်းပညာကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေး ခဲ့ပါသည်။






ယခုအခါ လက်ဖက်စိုက်ပျိုးရေး လုပ်သားများအနေဖြင့် လက်ဖက် စိုက်ပျိုး ခူးဆွတ်မှုကို နည်းစနစ်တကျ ဆောင်ရွက် လာနိုင်ခဲ့သဖြင့် လက်ဖက်စိုက်ခင်းမှ ထွက် နှုန်းများသည် သိသိသာသာ တိုးတက် လာခဲ့ပြီး၊ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ လက်ဖက်၏အရည်အသွေးကို အသိအမှတ် ပြုလက်ခံနေပြီ ဖြစ်ပါသည်။ ထို့အပြင် Arrow Brother ကုမ္ပဏီသည် Netherland Based Control Union အဖွဲ့ကပေးအပ်သော Organic Certificate လက်မှတ် ကိုလည်း ရရှိထားပြီး၊ လက်ဖက်လုပ်ငန်းကိုအောင်မြင် စွာ လုပ်ကိုင်လျက်ရှိပါသည်။

# SMEs Development Department မှ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် Training Calendar

| Future Plan To Perform | | | | |
|---|---|---|---|---|
| No. | Date | Title | Partnership | Place |
| 1 | $4^{th}$ ~ $6^{th}$ September | Entrepreneurship Training | GIZ | Mandalay Region |
| 2 | $7^{th}$ September | Expression of Current Condition and Sharing Technology of Salt Production Workshop | PUM Netherlands Senior Experts | Yangon Region |
| | | Future Plan To Perform | | |
| No. | Date | Title | Partnership | Place |
| 3 | December(tbc) | Technology Transfer for Rubber | PUM Netherlands Senior Experts | Myeik, Tanintharyi Region & Kalaw, Shan State |
| 4 | $15^{th}$ ~ $18^{th}$ September | Idea Platform for Successful Business Training | Friedrich Naumann Foundation (FNF) | Monywa, Saga ing Region |
| 5 | $19^{th}$ ~ $22^{nd}$October | Idea Platform for Successful Business Training | FNF | Pathein, Ayeyarwaddy Region |
| 6 | $10^{th}$ ~ $13^{th}$ November | Idea Platform for Successful Business Training | FNF | Mawlamying City, Mon State |
| 7 | $24^{th}$ ~ $25^{th}$ November | Policy Development & Sin Democracy Game | FNF | Than Twae, Rakhine State |

| Future Plan To Perform | | | | |
|---|---|---|---|---|
| No. | Date | Title | Partnership | Place |
| 8 | $15^{th}$ ~ $16^{th}$ September | Cluster Development Awareness(CDA) Training | UNIDO and CDG | Tanintharyi State |
| 9 | $29^{th}$ September | CDA Training | UNIDO and CDG | Mandalay Region |
| 10 | $30^{th}$ September | CDA Training | UNIDO and CDG | Sagaing Region |
| 11 | $1^{st}$ October | CDA Training | UNIDO and CDG | Magwe Region |
| 12 | $15^{th}$ ~ $16^{th}$ October | CDA Training | UNIDO and CDG | Kachin State |
| 13 | $29^{th}$ October | CDA Training | UNIDO and CDG | Mon State |
| 14 | $30^{th}$ October | CDA Training | UNIDO and CDG | Kayin State |
| 15 | $3^{rd}$ December | CDA Training | UNIDO and CDG | Rakhine State |
| 16 | $25^{th}$ September | Launching Program about "www.bagantrade.com" website to get Market Access for SME | Future Myanmar | Yangon |
| 17 | November(tbc) | Technology Transfer for Soap Production | Local Experts (tbc) | Dawei, Tanintharyi Region |